# အနာဂတ်ပက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ

(မူကြမ်းများ)

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)

Ethnic Nationalities Affairs Center (Union of Burma)

မှ ထုတ်ဝေဖြန့်ချီခြင်း

(၂၀၁၆ ခုနှစ် ဇွန်လ)



# အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ

(မူကြမ်းများ)

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)

Ethnic Natioanlities Affairs Center (Union of Burma)

မှ ထုတ်ဝေဖြန့်ချိခြင်း

(၂၀၁၆ ခုနှစ် ဇွန်လ)

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ပထမအကြိမ်။ | ၂၀၁၆ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ။ | ၁၀၀၀ |
| ပုံနှိပ်တိုက်။ | Wanida Press |
| ထုပ်ဝေသူ။ | တိုင်းရင်းသားလူမျိုးများရေးရာစင်တာ<br>(ပြည်ထောင်စုမြန်မာနိုင်ငံ)<br>Ethnic Nationalities Affairs Center<br>(Union of Burma)<br>P.O Box 5, Chang Peauk, A.Mueang<br>Chiang Mai 50302, Thailand |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| | အမှာစာ | ၃ |
| | မူဝါဒဖော်ဆောင်ရေးလုပ်ငန်းဖြစ်စဉ်ပုံ | ၄ |
| ၁။ | ကျန်းမာရေး မူဝါဒများ (မူကြမ်း) | ၉ |
| ၂။ | ပညာရေး မူဝါဒများ (မူကြမ်း) | ၁၄ |
| ၃။ | မြေယာ မူဝါဒများ (မူကြမ်း) | ၂၁ |
| ၄။ | သဘာဝသယံဇာတဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၂၆ |
| ၅။ | စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၃၃ |
| ၆။ | ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဒုက္ခသည်များဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၃၉ |
| ၇။ | လူသားချင်းစာနာထောက်ထားမှုအကူအညီဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၄၅ |
| ၈။ | အခွန်ကောက်ခံခြင်းဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၅၀ |
| ၉။ | ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၅၅ |
| | အခြား ဓာတ်ပုံမှတ်တမ်းများ | ၆၁ |

# နိဒါန်း

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံကို ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုသို့ အသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် ပါဝင်မည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ[၁] (EAOs)[၂]၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs)[၃]၊ လူထုအခြေပြုအဖွဲ့အစည်းများ (CBOs)[၄] နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs)[၅] အကြား မူဝါဒဆိုင်ရာ တူညီသော ဘုံနားလည်မှုများ (Common Understandings) ရရှိရန် ရည်ရွယ်၍ မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC)[၆] မှ စီစဉ်ဆောင်ရွက်သော မူဝါဒဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် မူဝါဒ အကြံပြု ချက်များကို ဤစာအုပ်တွင် စုစည်းတင်ပြထားပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲများသို့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs)၊ မြန်မာနိုင်ငံမှ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs)၊ အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs)၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) နှင့် နိုင်ငံတကာနှင့် ပြည်တွင်းမှကျွမ်းကျင်သူများ ပါဝင်တက်ရောက် ဆွေးနွေးပြီး ရေးသားအကြံပြုထားခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲများသည် မူဝါဒဖော်ဆောင်ရေးဆိုင်ရာ ခေါင်းစဉ်ပေါင်း (၉) ခုကို ဆွေးနွေး အကြံပြုထားပြီးဖြစ်သည်။

ယင်းကဲ့သို့ ဆွေးနွေးအကြံပြုပြီး ရရှိလာသော မူဝါဒအကြံပြုချက်များကို ခေါင်းစဉ်အလိုက် ဖွဲ့စည်းထားသော (CWGs)[၇] ခေါ် အလုပ်အဖွဲ့များနှင့်သော်လည်းကောင်း၊ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်သော်လည်းကောင်း

၁။ *Kachin Independence Organization (KIO), New Mon State Party (NMSP), Shan State Army-North (SSPP/SSA), Karen National Union (KNU), Karenni National Progressive Party (KNPP), Palaung State Liberation Front (PSLF), Chin National Front (CNF), Lahu Democratic Union (LDU), Arakan National Council (ANC), Wa National Organization (WNO), Pa-Oh National Liberation Organization (PNLO), United League of Arakan/Arakan Army (ULA/AA), Restoration Council of Shan State/Shan State Army-South (RCSS/SSA)*

၂။ *Ethnic Armed Organizations*

၃။ *Ethnic Political Parties*

၄။ *Community-Based Organizations*

၅။ *Civil Society Organizations*

၆။ *Ethnic Nationalities Affairs Center*

၇။ *Core Working Groups*

အလုပ်ရုံ ဆွေးနွေးပွဲများ ထပ်မံကျင်းပခြင်းအားဖြင့် လိုအပ်သည့် အတိုင်း ပြန်လည်သုံးသပ်ပါသည်။ ထိုသုံးသပ်ချက်များကို တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှ ကိုယ်တိုင် သွားရောက်ပြီး ယင်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများနှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ကာ ၎င်းတို့ထံမှ ပြင်ဆင်ဖြည့်စွက်ချက်များကို ရယူခဲ့ပါသည်။

အထက်ဖော်ပြပါ ကွင်းဆင်းပြီး ရရှိလာသောပြင်ဆင်ထား ဖြည့်စွက်ထားသည့် မူဝါဒမူကြမ်းများကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ ရရှိနိုင်ရန် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) မှခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက် ဖွဲ့စည်းထားသော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ် မေလ ၂၉-၃၀ ရက်နေ့များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ထွက်ပေါ်လာသည့် မူဝါဒများ ဖြစ်ပါသည်။

ဤမူဝါဒများသည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပြန်လည်သုံးသပ်ခြင်း အဆင့်ပေါင်း မြောက်များစွာ ဖြတ်ကျော်ပြီး ရရှိထားသည့် မူဝါဒများဖြစ်ပါသည်။ ထို့ကြောင့် ဤမူဝါဒများသည် တိုင်းရင်းသား ပြည်သူလူထုများ သိရှိနားလည်စေရန် ပညာပေးရန်၊ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ အကြား ပြုလုပ်မည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အသုံးပြုသွားနိုင်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် လမ်းညွှန်မှုအဖြစ် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည်။

# အမှာစာ

အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုအတွက် ဤအခြေခံမူဝါဒများ (မူကြမ်း) သည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံသို့ အသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် ပါဝင်မည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများအကြား မူဝါဒဆိုင်ရာ တူညီသော ဘုံနားလည်မှုများ (Common Understandings) ရရှိရန်အတွက် တိုင်းရင်းသားလူမျိုးများ ရေးရာစင်တာ (ပြည်ထောင်စု မြန်မာနိုင်ငံ) Ethnic Nationalitieis Affairs Center - Union of Burma မှ (၂) နှစ်အတွင်း အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပြုလုပ်ပြီး ရရှိလာသော မူဝါဒများ ဖြစ်ပါသည်။ ဤကဲ့သို့ တိုင်းရင်းသားလူမျိုးများရေးရာစင်တာနှင့်အတူ အဖက်ဖက်မှ ပါဝင်ကူညီခဲ့ကြသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအသီးသီးများအား ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (United Nationalities Federal Council) ကိုယ်စား ကျေးဇူးအထူး တင်ရှိပါသည်။

ဤမူဝါဒများသည် တိုင်းရင်းသား လူမျိုးများ တောင်းဆိုနေသည့် တန်းတူအခွင့်အရေးအတွက် ကဏ္ဍအားလုံး စုံလင်သည်ဟု မဆိုနိုင်သော်လည်း အရေးကြီးသည့် ကဏ္ဍ ၉ ခုကို အကြံပြု တင်ပြထားနိုင်ခြင်းသည် ကျနော်တို့ တိုင်းရင်းသား အားလုံးအတွက် အရေးကြီးသည့် ခြေလှမ်းကို စတင်နိုင်ပြီး ဖြစ်သည်ဟု ကျနော့်အနေနှင့် နားလည်ပါသည်။ အခြားကဏ္ဍများအတွက် မူဝါဒများကိုလည်း ဆက်လက် အကောင်အထည်ဖော်သွားရန် အကြံပြုလိုပါသည်။

ဤအခြေခံမူဝါဒများ (မူကြမ်း) ၉ ခုကို ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ၂၀၁၆ ခုနှစ် ဖွန်လ ၁-၃ ရက်နေ့ အလုပ်အမှုဆောင် အစည်းအဝေးတွင် အသိအမှတ် ပြုပြီး လူထုသို့ ချပြရာတွင်ဖြစ်စေ၊ နိုင်ငံရေး ဆွေးနွေးပွဲများနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြုစုရာတွင်ဖြစ်စေ အလျဉ်းသင့်သလို အသုံးပြုသွားရန် ဆုံးဖြတ်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဤမူဝါဒများ (မူကြမ်း) ကို မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအကြား ပြုလုပ်မည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များတွင်လည်းကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်လည်းကောင်း လမ်းညွှန်မှုအဖြစ် အထောင်အကူပြုနိုင်မည်ဟု မြင်မိပါကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ဟံသာ

ဒုဥက္ကဌ


ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ

ဥက္ကဌနှင့် ဘုတ်အဖွဲ့


တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စု မြန်မာနိုင်ငံ)

# ENAC ၏ မူဝါဒဖော်ဆောင်ရေး လုပ်ငန်းစဉ်ဖြစ်စဉ်

## မူဝါဒဖော်ဆောင်ရေးဖြစ်စဉ်တွင်အဓိကပါဝင်သူများ




## မူဝါဒဖော်ဆောင်ရေးဖြစ်စဉ် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက်



## မူဝါဒဖော်ဆောင်ရေး အကြောင်းအရာခေါင်းစဉ်များ

| ENAC ၏ မူဝါဒဆိုင်ရာ အကြောင်းအရာ ခေါင်းစဉ်များ | |
|---|---|
| | • စိုက်ပျိုးရေး<br>• ပညာရေး<br>• ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဒုက္ခသည်များ<br>• ကျန်းမာရေး<br>• လူသားချင်းစာနာထောက်ထားမှုအကူအညီ<br>• မြေယာ<br>• သဘာဝသယံဇာတ<br>• အခွန်ကောက်ခံခြင်း<br>• ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု |

**မူဝါဒ ဖော်ဆောင်ရေး ကနဦးဆွေးနွေးပွဲ**

- EAOs၊ EPPs၊ CSOs/CBOs ၊ တိုင်းရင်းသားနှင့် ပြည်နယ်ကိုယ်စားပါဝင်သူနှင့် လူထု ခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း
- မူဝါဒဖော်ဆောင်ရေးအတွက် အိုင်ဒီယာများ စုစည်းခြင်း
- ဖက်ဒရယ်ဆိုင်ရာ သင်တန်းများ

**အကြောင်းအရာ တခုချင်းအပေါ် ဆွေးနွေးခြင်း**

- အလုပ်ရုံဆွေးနွေးပွဲတွင် မူဝါဒအကြောင်းအရာများကို EAOs၊ EPPs၊ CSOs/CBOs များနှင့် ဆွေးနွေးတိုင်ပင်ခြင်း
- အလုပ်ရုံဆွေးနွေးပွဲတွင် မူဝါဒအကြံပြုချက်များ ရေးဆွဲခြင်း
- EAOs ထိပ်ပိုင်း ခေါင်းဆောင်များနှင့်အတူ မူဝါဒ အကြံပြုချက်များ ပြန်လည်သုံးသပ်ခြင်း

**ကွင်းဆင်းတွေ့ဆုံ ဆွေးနွေးမှု**

- EAOs အဖွဲ့ဝင်များ ခေါင်းဆောင်များနှင့် မူဝါဒ အကြံပြုချက်များကို ဆွေးနွေးတိုင်ပင်ခြင်း
- မူဝါဒများအားလုံးကို ပြန်လည်သုံးသပ်ခြင်း
- မူဝါဒ အဆင့်ဆင့် ဖြစ်ပေါ် တိုးတက်မှုအတွက် အကြံပြုချက်များ ထပ်မံစုဆောင်းခြင်း

**နောက်ဆုံး ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ**

- နောက်ဆုံး ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲတွင် EAOs၊ EPPs၊ CSOs/CBOs ခေါင်းဆောင်များနှင့် အကြောင်းအရာအလိုက် အလုပ်အဖွဲ့များ ပါဝင်ဆွေးနွေးခြင်း
- မူဝါဒအကြံပြုချက်များနှင့် အခြေခံမှုဆိုင်ရာ ဘုံနားလည်မှု ရရှိရန်အတွက် ရည်ရွယ်သည်။

**လူထု ပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း**

- ဘုံနားလည်မှုကို ရောင်ပြန်ဟပ်သည့် မူဝါဒ စာတမ်းကို ထုတ်ဝေဖြန့်ချီခြင်း
- အဆိုပါမူဝါဒများကို စည်းရုံးလှုံ့ဆော်နိုင်ရန် မြန်မာပြည် ပြည်နယ်နှင့် ဒေသတွင်းရှိ ခေါင်းဆောင်များအတွက် ပညာပေးခြင်း အစီအစဉ်နှင့် သင်တန်းများ ပြုလုပ်သွားရန်

# ENAC ၏ ရည်မှန်းချက် - မူဝါဒဖော်ဆောင်ခြင်းမှ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေသို့

### ထုတ်ဝေဖြန့်ချီခြင်း

မူဝါဒအကြံပြုချက်များကို ENAC မှ ထုတ်ဝေ ဖြန့်ချီခြင်းနှင့် လူထု ပညာပေးရေးနှင့် လူထုတွေ့ဆုံမှုတွင် အသုံးပြုသွားရန်

### နိုင်ငံရေးဆွေးနွေးပွဲ

မူဝါဒအကြံပြုချက်များကို ဖက်ဒရယ် နိုင်ငံရေး ဆွေးနွေးပွဲတွင် အသုံးပြုခြင်း

### ဖွဲ့အစည်းပုံ အခြေခံဥပဒေ

ဆွေးနွေးပွဲမှ ရရှိလာသော မူဝါဒ အကြံပြုချက်များကို ဖက်ဒရယ် ဖွဲ့စည်းပုံအသစ် ရေးဆွဲရန် လမ်းညွှန်ချက်များအဖြစ် အသုံးပြုခြင်း

# ၁။ ကျန်းမာရေး မူဝါဒများ (မူကြမ်း)






## နောက်ခံသမိုင်း

ဤကျန်းမာရေးမူဝါဒများ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄-၂၅ ရက်နေ့များ၌ တိုင်းရင်းသား လူမျိုးများရေးရာစင်တာ (ENAC) မှ ဦးဆောင်ကျင်းပသည့် ပညာရေးနှင့် ကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့ အစည်းများ (CBOs)နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) မှ ကိုယ်စားလှယ်များ နှီးနှောတိုင်ပင်ဆွေးနွေးပြီး ရရှိလာသော မူဝါဒအကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့ များတွင်တစ်ကြိမ် CBOs နှင့် CSOs မှ ကိုယ်စားလှယ်များ ပြန်လည်သုံးသပ် ပြင်ဆင် ဖြည့်စွက်ခဲ့ပါသည်။ ယင်းကဲ့သို့ သုံးသပ်ပြင်ဆင် ဖြည့်စွက်၍ ရရှိလာသော မူဝါဒမူကြမ်းကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာ ဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့ အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသ အတွင်းရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကာ သုံးသပ်ပြင်ဆင် ဖြည့်စွက်မှုများ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ကွင်းဆင်းမှုပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs မှ ခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော ကျန်းမာရေးမူဝါဒများ ဖြစ်ပါသည်။

## နိဒါန်း

ကျန်းမာရေးမူဝါဒချမှတ်နိုင်ရန် မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်ရာတွင် အလွန်တင်းကြပ်လှသော ဗဟိုချုပ်ကိုင်မှုစနစ်ကို ကျင့်သုံးပြီး တိုင်းရင်းသားပြည်သူလူထုမှ လက်မခံနိုင်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ထိရောက်မှုမရှိသော ကျန်းမာရေးမူဝါဒများ ချမှတ်နေခြင်း၊ ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်နည်းပါးခြင်း၊ ကျန်မာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ[၈] လုံလောက်မှုမရှိခြင်း၊ လမ်းပမ်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ကျွမ်းကျင် ဝန်ထမ်းအင်အားနှင့် ဆေးဝါးအရင်းအမြစ် မလုံလောက်ခြင်း၊ ပြည်သူ့ ကျန်းမာရေးကို စနစ်တကျ အကောင်အထည်ဖော်မှု အားနည်းခြင်း၊ နိုင်ငံတကာ ကူညီထောက်ပံ့သည့် ဆေးဝါးပစ္စည်းနှင့် အသုံးစရိတ်များသည် အဆင့်ဆင့် အကျင့်ပျက်ခြစားမှုများကြောင့် တိုင်းရင်းသားဒေသများ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့် တိုင်းရင်းသား

[၈]။ ဥပမာ - ဆေးရုံ/ဆေးခန်းများ။

ဒေသများတွင် ကျန်းမာရေးကဏ္ဍ ပိုမိုလျစ်လျူရှုခြင်းခံရပြီး ဆိုးရွားစွာ နိမ့်ကျလျက်ရှိနေသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဖော်ဆောင်လာသည့် အချိန်ကာလမှစတင်ပြီး တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ (EAOs)၏ နယ်မြေများရှိ လူထုများကို ထောက်ပံ့နေသည့် နယ်စပ်ဖြတ်ကျော် ကူညီမှုများလည်း အစိုးရမှ ကန့်သတ်ထိန်းချုပ်မှုများ ရှိလာသည်။ အထူးသဖြင့် အစိုးရတပ်မတော်သည် ပြည်သူ့ကျန်းမာရေး ယန္တရားကိုပါ တစ်စထက်တစ်စ ချယ်လှယ်လွှမ်းမိုးချုပ်ကိုင်လာသည်ကို တွေ့မြင်နေရသည်။ တချိန်တည်းတွင် ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများ၊ များပြားလာသည်နှင့်အမျှ ၎င်းတို့နှင့် ပြည်သူတရပ်လုံး၏ ကျန်းမာရေး ဝန်ဆောင်မှုကို ချိတ်ဆက်သည့် မူဝါဒများလည်း တိတိပပ မတွေ့ရပေ။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေး တိုးတက်မှု ညွှန်းကိန်း (Health Indicator) လွန်စွာနိမ့်ကျမှုကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာယန္တရား တစ်ခုလုံးကို ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု၏ ကျန်းမာရေးစနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်။ ဥပမာ - ဆေးရုံ/ဆေးခန်းများ။

## ဦးတည်ချက်

ကျန်းမာရေးသည် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေးဖြစ်၍ နိုင်ငံသားတိုင်း၏ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ပြည့်စုံလုံလောက်သည့် ကူညီထောက် ပံ့မှုရှိလာစေရန် အစိုးရ၊ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများ (EAOs)၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs)၊ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) အားလုံး ပါဝင်ရေးဆွဲသည့် မူဝါဒများမှတဆင့် ဖြစ်ထွန်းလာမည့် အခြေခံကျန်းမာရေးဝန်ဆောင်မှုများကို နေရာဒေသ အသီးသီးရှိ နိုင်ငံသားတိုင်း တန်းတူရရှိခံစားခွင့်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်သူ့ ကျန်းမာရေးစနစ်တစ်ခု ပေါ်ထွန်းလာရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ တစ်မျိုးသားလုံးနှင့်ဆိုင်သော ကျန်းမာရေးမူဝါဒနှင့် စနစ်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းမှုစနစ်နှင့်အညီ ပြည်နယ်များတွင်လည်း ကျန်းမာရေးဆိုင်ရာ မူဝါဒများကို ဆောင်ရွက်ပိုင်ခွင့် ရှိရမည်။

၂။ အလုံးစုံသော ကျန်းမာရေးစောင့်ရှောက်မှု[၉] (Universal Health Coverage) သည် ကျန်းမာရေးစနစ်၏ အဓိကမူဖြစ်ပြီး နိုင်ငံသားတိုင်းကို အခြေခံလူ့အခွင့်အရေးအာမခံ

၉။ ကမ္ဘာ့ကုလသမဂ္ဂ (United Nations) ၏ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization) မှ "အလုံးစုံသောကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage)" ကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည် - *လူသားအားလုံးသည် ကျန်းမာရေးနှင့်ပတ်သက်၍ ကာကွယ်ခြင်း၊ မြင့်တင်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ နာကျင်မှုမရှိသည့် ကျန်းမာရေးကုသမှုနှင့် စောင့်ရှောက်ခြင်း စသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ငွေကြေး အခက်အခဲမလိုပဲ ရရှိနိုင်ရမည်။ ထိုသို့ရရှိနိုင်ရန် လူဦးရေတစ်ခုလုံးအတွက် ကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးလုပ်သားများ၊ ဆေးဝါးနှင့် နည်းပညာများ၊ ကျန်းမာရေးအတွက် ငွေကြေး အခက်အခဲရှိသူများနှင့် ဆင်းရဲသည့် လူတန်းစားအတွက် ငွေကြေးစနစ် စသည်တို့ပါဝင်သော ထိရောက်သည့်ကျန်းမာရေးစနစ် လိုအပ်သည်။*

ချက်ပေးသော ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုအပေါ် အခြေခံရမည်။

၃။ ကျန်းမာရေးမူဝါဒသည် ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံသားတိုင်းအပေါ် တန်းတူညီမျှစွာ (Equality) ပေးစွမ်းနိုင်ခြင်း၊ တာတူညီမျှမှု (Equity) နှင့် လူ့အခွင့်အရေး (Human Rights) အပေါ် အခြေခံရမည်။

## မူဝါဒအကြံပြုချက်များ

၁။ တစ်နိုင်ငံလုံး၏ ငြိမ်းချမ်းရေးမှ တစ်ဆင့် ကူးပြောင်းရာ ကြားကာလအတွင်း[၁၀] လက်ရှိ တိုင်းရင်းသားဒေသများမှ ကျန်းမာရေးအဖွဲ့အစည်းများသည် ကျန်းမာရေးလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိရမည်။

၂။ ကျန်းမာရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ ထူထောင်ထားသော ကျန်းမာရေးစီမံအုပ်ချုပ်မှုစနစ်ကို အသိအမှတ်ပြု လေးစားလိုက်နာ၍ သဘောတူညီချက် ရယူဆောင်ရွက်ရမည်။

၃။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ စီမံခန့်ခွဲသော ဒေသများတွင် လုပ်ဆောင်နေသော ကျန်းမာရေး ဝန်ထမ်းများအား အသိအမှတ်ပြုရမည်။

၄။ တိုင်းရင်းသားဒေသအတွင်း ကျန်းမာရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသား အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူရမည်။

၅။ တိုင်းရင်းသားဒေသများမှ လက်ရှိကျန်းမာရေးဌာနများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ထိန်းသိမ်းရန်နှင့် စီမံကိန်းအသစ်များကို လိုအပ်သလို လုပ်ဆောင်ခွင့်ရှိရမည်။

၆။ ကျန်းမာရေးနှင့် ဆက်နွယ်ပတ်သက်သော လူသားချင်းစာနာမှုအကူအညီများနှင့် ဖွံ့ဖြိုးရေး အကူအညီများသည် ဒေသအတွင်းရှိ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများမှ တည်ဆောက်ထားပြီးသော ကျန်းမာရေးစနစ်နှင့် လိုက်လျောညီထွေမှု ရှိရမည်။

၇။ အစိုးရမှ ကျန်းမာရေးဌာနများနှင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတို့သည် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု ရှိရမည်။

၈။ ပြည်သူ့ကျန်းမာရေးကိုအထောက်အကူပြုသော တိုင်းရင်းဆေး (ဗိန္ဓော)နှင့် ရိုးရာနည်းပညာရပ်များကို သုတေသနပြု ပြန်လည်ဖော်ထုတ်ပြီး ရေရှည်အကျိုး ဖြစ်ထွန်း

၁၀။ တစ်နိုင်ငံလုံးကို ငြိမ်းချမ်းရေး ဖြစ်စဉ်မှ တဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးစာချုပ် (National Peace Accord) ရေးထိုးပြီးသည့်နောက် အခြေခံဥပဒေပြင်ဆင်ရေးဆွဲကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံအဖြစ်သို့ ကူးပြောင်းသည့် အချိန်ကာလကို ဆိုလိုသည်။

ရေးနှင့် တိုးတက်မြင့်မားလာစေရေးအတွက် အားပေးလုပ်ဆောင်သွားရမည်။

၉။ ပြည်သူ့ကျန်းမာရေးအစီအစဉ်များချမှတ်ရာတွင် နာတာရှည်ကူးစက်ရောဂါများနှင့် ကူးစက်မြန်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၀။ ပြည်သူ့ကျန်းမာရေး အစီအစဉ်များချမှတ်ရာတွင် ဝေးလံခေါင်းပါးသည့်ဒေသများ၊ ကျေးလက်ဒေသများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူလူထုများ၏ ကျန်းမာရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၁။ သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးသူငယ်များ၊ မသန်စွမ်းနှင့် ဆင်းရဲချို့တဲ့သော ပြည်သူများအတွက် ကျန်းမာရေးကူညီ ထောက်ပံ့မှုများနှင့် အခမဲ့ဆေးဝါး ကုသနိုင် ခွင့်ကို သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု အစိုးရ များမှ မဖြစ်မနေ စီစဉ်ဆောင်ရွက်သွားရမည်။

၁၂။ မူးယစ်ဆေးဝါးသုံးစွဲသူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ပြုစုပျိုးထောင် ပေးမှုများ ဦးစားပေးလုပ်ဆောင်သွားရမည်။

၁၃။ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအစိုးရမှ တိုင်းရင်းသားဒေသအလိုက် လိုအပ် သည့် အမျိုးသား ကျန်းမာရေးဝန်ဆောင်မှု အသုံးစရိတ်များကို မျှတစွာ (equity) တာဝန်ယူဆောင်ရွက်ပေးရမည်။

၁၄။ ကျောင်းကျန်းမာရေးအပါအဝင် ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်ပူးပေါင်း ဆောင်ရွက်ရ မည်။

၁၅။ မျိုးဆက်ပွားကျန်းမာရေး[၁၁] နှင့် ၅ နှစ်အောက်ကလေးသူငယ်များအတွက် အခြေခံ ကျန်းမာရေး ဝန်ဆောင်မှုများကို အခမဲ့ ရရှိစေရမည်။

၁၆။ ပြည်သူ့ကျန်းမာရေး သုတေသနလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်။

၁၇။ ဆေးဝါး၊ အစားအစာနှင့် အဟာရအရည်အသွေး ထိမ်းချုပ်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၁၁။ မျိုးဆက်ပွားကျန်းမာရေးတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလည်းပါဝင်ပြီးဖြစ်သည်။

# ၂။ ပညာရေး မူဝါဒများ (မူကြမ်း)






# နောက်ခံသမိုင်း

ဤပညာရေးမူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄-၂၅ ရက်နေ့များ၌ တိုင်းရင်းသား လူမျိုးများရေးရာစင်တာ (ENAC) မှ ဦးဆောင်ကျင်းပသည့် ပညာရေးနှင့်ကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက် လူ့အဖွဲ့ အစည်းများ (CSOs) မှ ကိုယ်စားလှယ်များ တိုင်ပင်ဆွေးနွေးပြီး ရရှိလာသော မူဝါဒ အကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CBOs နှင့် CSOs မှ ကိုယ်စားလှယ်များ ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ယင်းကဲ့သို့ သုံးသပ် ပြင်ဆင်ဖြည့်စွက်၍ ရရှိလာသော မူကြမ်းကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့ အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ်များ နှင့် တွေ့ဆုံဆွေးနွေးကာ သုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို (၂၀၁၆) ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းမှု ပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs မှ ခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက် ဖွဲ့စည်းထား သော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ် မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော ပညာရေးမူဝါဒများ ဖြစ်ပါသည်။

# နိဒါန်း

ပညာရေးမူဝါဒချမှတ်နိုင်ရန် မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်ရာတွင် နိုင်ငံတော် အစိုးရ အဆက်ဆက်သည် ပညာရေးမူဝါဒရေးဆွဲရေး သီးသန့်ဥပဒေပြုအာဏာ ရှိနေပြီး ဗဟိုမှ ငွေကြေးထောက်ပံ့သည့် သင်္ကာရေးအာဏာသည် လွှတ်တော်နှင့်ဝန်ကြီးများ၏ လက်ထဲတွင်သာရှိသည်။ ပြည်နယ်/တိုင်း ဒေသကြီးအစိုးရသည် စေ့စပ်ဆောင်ရွက်ခြင်း အခန်းကဏ္ဍတွင်သာ လုပ်ပိုင်ခွင့်ရှိပြီး၊ ပညာရေးဆိုင်ရာအဆောက်အအုံ[၁၂] နှင့် ယန္တရား များကို ပညာရေးဝန်ကြီးဌာနမှ တိုက်ရိုက်စီမံခန့်ခွဲသည့်အတွက် ဖယ်ဒရယ်ဒီမိုကရေစီ ပညာရေးစံနှုန်းနှင့် မကိုက်ညီပါ။ ထို့ကြောင့် တိုင်းရင်းသားဒေသများအတွင်း အခြေခံ ပညာရေး အဆောက်အအုံမလုံလောက်ခြင်း၊ ကျောင်းအင်္ဂါစဉ် မပြည့်မီခြင်း၊ ပညာသင်

---

၁၂။ တက္ကသိုလ်၊ ကောလိပ် နှင့် အခြေခံပညာရေးကျောင်းများ။

စရိတ် ကြီးမားခြင်း၊ ကျောင်းဆရာ၊ ဆရာမများမလုံလောက်ခြင်း၊ ဒေသတွင်း ဖွံ့ဖြိုးရေး နိမ့်ကျခြင်း၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် စာသင်ကျောင်းများမရှိတော့ ခြင်း၊ နည်းသွားခြင်း၊ ကျောင်းဖွင့်လှစ်ရန်ခက်ခဲခြင်း၊ ကျောင်းနေအရွယ် ကလေးငယ် များ ပညာသင်ခွင့် ဆုံးရှုံးမှုများပြားခြင်း၊ တိုင်းရင်းသားဒေသရှိကျောင်းများတွင် သင်ရိုးညွှန်းတမ်း နှင့် သင်ကြားမှု ဘာသာစကား အခက်အခဲများရှိခြင်း၊ ပညာရေးတွင် တိုင်းရင်းသားများနှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ စသည်ဖြင့် ဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတကာကူညီထောက်ပံ့သည့် ပညာရေးအသုံးစရိတ်များကို အသုံးချပြီး စာသင် ကျောင်းများတွင် ဘာသာရေးစည်းရုံးသိမ်းသွင်းမှုများ၊ တိုင်းရင်းသားတို့၏ ယဉ် ကျေးမှု၊ ဘာသာစာပေများကို လွှမ်းမိုးချုပ်ကိုင်ခြင်းများ၊ ဝါးမြိုခြင်းများ လုပ်ဆောင်နေကြ သည်ကို အထင်အရှား တွေ့ရှိရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်လာသည့် အချိန် ကာလများမှ စတင်ပြီး EAOs နယ်မြေများရှိ တိုင်းရင်းသားကျောင်းများတွင် နယ်စပ် ဖြတ်ကျော် အကူအညီများ တဖြေးဖြေး လျော့ကျလာပြီး လုံလောက်မှုများ မရှိတော့ပေ။ ထို့ကြောင့် ကြားကာလနှင့် အနာဂတ်တွင် ကျောင်းသူကျောင်းသားများအတွက် ကောင်း မွန်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို အခြေခံသည့် ပညာရေးစနစ်တစ်ခု ပေါ်ထွန်းလာနိုင်စေရန် လိုအပ်ပေသည်။

## ဦးတည်ချက်

ပညာရေးသည် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေးဖြစ်သောကြောင့်၊ တိုင်းရင်းသား အသီးသီး၏ စာပေယဉ်ကျေးမှုတို့ကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် အမျိုးသား လူမှုဘဝ မြင့်မားတိုးတက်ရန်၊ လွတ်လပ်စွာ ကိုယ်ပိုင်တွေးခေါ်မျှော်မြင်မှုများ ရှင်သန် ရပ်တည်ရေးကို အာမခံပေးပြီး နိုင်ငံတကာ ပညာရေးနှင့် ရင်ဘောင်တန်းနိုင်မည့် အမျိုးသားပညာရေးစနစ်တစ်ရပ်ကို ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုစနစ်နှင့် အညီ ပြဋ္ဌာန်းဖော်ဆောင်ရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ လူ့အခွင့်အရေးကို အခြေခံသည့် ဖက်ဒရယ် ဒီမိုကရေစီ ပညာရေးစနစ် ဖြစ်ရမည်။
၂။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများကို တရားဝင် ရပ်တည်ခွင့် ရှိရမည်။
၃။ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအသီးသီး၏ စာပေယဉ်ကျေးမှုကို မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်သည့်အပြင်၊ ပိုမိုတိုးတက် ကောင်းမွန် အောင် ဒေသလိုအပ်ချက်နှင့်အညီ ဖော်ဆောင်ရမည်။
၄။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မည့် အသိပညာများသည် ဒေသ လိုအပ်ချက်နှင့် ကိုက်ညီသည့်ပညာရေး ဖြစ်ရမည်။

# မူဝါဒအကြံပြုချက်များ

၁။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပညာရေးစနစ်တွင် တိုင်းရင်းသားပြည်နယ်များမှ ပညာရေး ကဏ္ဍ၌ အုပ်ချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခွင့်များ ရှိရမည်။

၂။ ပညာရေးဆိုင်ရာ အခွင့်အာဏာကို သက်ဆိုင်ရာပြည်နယ်အလိုက်၊ ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာစီမံအုပ်ချုပ်ပိုင်ခွင့် ရှိရမည်။

၃။ တိုင်းရင်းသားပြည်နယ်များတွင် ပြည်နယ်အစိုးရ၊ ဒေသအစိုးရကို ကိုယ်စားပြုသည့် ပညာရေးအဖွဲ့အစည်းများက ပညာရေးစနစ်များကို ဖက်ဒရယ်ဒီမိုကရေစီ စံနှုန်းများ နှင့်အညီ လွတ်လပ်စွာ ပြဋ္ဌာန်းကျင့် သုံးခွင့်ရှိရမည်။

၄။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုပညာရေးကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်း သား ပြည်နယ်များတွင် ပြည်နယ်သူ/သားများကို ကိုယ်စားပြုသည့် (ပြည်နယ်) ပညာရေးဘုတ်အဖွဲ့က ၎င်းပြည်နယ်၏ ပညာရေးစနစ်ကို လွတ်လပ်စွာပြဋ္ဌာန်းခွင့် ရှိရမည်။

၅။ တိုင်းရင်းသားဘာသာစကားများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ခြင်းကို ပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာအစိုးရ၊ ၎င်းပြည်နယ်တွင်းရှိ တိုင်းရင်း သားဆိုင်ရာ ပညာရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းတို့မှ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်ဖြစ်ပြီး လိုအပ်ချက်များကို ဖက်ဒရယ် ပြည်ထောင်စု အစိုးရ (Federal Government) မှ ကူညီထောက်ပံ့မှုများ ပြုရမည်။

၆။ သင်ရိုးညွှန်းတမ်းများ ပြုစုရာတွင် ဖက်ဒရယ်ဒီမိုကရေစီ အမျိုးသား ပညာရေး သင်ရိုး ညွှန်းတမ်း စံနှုန်းအညွှန်းဘောင်နှင့် ချိတ်ဆက်ပြီး သက်ဆိုင်ရာပြည်နယ် ပညာရေး ဘုတ်အဖွဲ့တို့ ပူးပေါင်းရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့်ငွေကြေးနှင့် နည်းပညာ များကို ဖက်ဒရယ် ပြည်ထောင်စုအစိုးရ (Federal Government) နှင့် ပြည်နယ်အစိုးရ (State Government)မှ ကူညီ ပံ့ပိုးရမည်။

၇။ ပြည်နယ် တစ်ခုနှင့်တခုအကြား ကျောင်းပြောင်းသင်ကြားနိုင်ရေးအတွက် တိုင်းရင်းသား ပြည်နယ်များ ပူးပေါင်းညှိနှိုင်းပြီး စံနှုန်းတူပညာရေးစနစ်ကို အသိအမှတ်ပြု ကျင့်သုံး ရမည်။

၈။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ ပညာရေး အဖွဲ့ အစည်းများက အကောင်အထည်ဖော်လျက်ရှိသော ပညာရေးစနစ်နှင့် ပညာရေး ဝန်ထမ်းများအား တရားဝင် အသိအမှတ်ပြု၍ ပညာရေးရံပုံငွေ ချပေးခြင်းနှင့် ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးရမည်။

၉။ ကြားကာလတွင် တိုင်းရင်းသားဒေသများအတွင်း နိုင်ငံတကာ ပညာရေးဆိုင်ရာ အကူအညီများကို ကူညီထောက်ပံ့သည့် ပညာရေးကိစ္စများကို ကူညီထောက်ပံ့ရာတွင်

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)၊ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် တိုက်ရိုက် ဆက်သွယ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၀။ တိုင်းရင်းသားလူမျိုးအသီးသီး၏ သမိုင်း၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာ၊ ပြည်သူ့နီတိနှင့် လူမှုရေးသိပ္ပံများအား သင်ရိုးညွှန်းတမ်းများတွင် ပြဋ္ဌာန်းရမည်။

၁၁။ တိုင်းရင်းသားစာပေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်နယ်အစိုးရရုံးများတွင် ၎င်းသက်ဆိုင်ရာ တိုင်းရင်းသားစာကို ပူးတွဲရုံးသုံးစာအဖြစ် ထားရှိရမည်။

၁၂။ မိခင်ဘာသာစကားအခြေပြုနှင့် ဘာသာစကားပညာရေး (Mother Tongue Based and Multilingual Education) ပညာရေးစနစ်ကို မူလတန်းအဆင့်မှ စတင်၍ အဆင့်ဆင့်တိုးချဲ့၍ အဆင့်မြင့်ဒီဂရီ (Advanced Degree) များ သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ ပြဋ္ဌာန်းပေးပိုင်ခွင့် ရှိရမည်။

၁၃။ တက္ကသိုလ်များနှင့် ကောလိပ်များတွင် တိုင်းရင်းသားဘာသာစာပေနှင့် တိုင်းရင်းသားလေ့လာရေး (Ethnic Social Study) တို့ကို အထူးပြုသင်ယူသော ဌာနများ ထားရှိရမည်။

၁၄။ လူမှုပေါင်းသင်းဆက်ဆံရေးစွမ်းရည်၊ ပြဿနာဖြေရှင်းခြင်းစွမ်းရည်၊ လွတ်လပ်စွာစဉ်းစား တွေးခေါ်ခြင်းစွမ်းရည်၊ ဘာသာစကား တတ်ကျွမ်းမှု စွမ်းရည်များနှင့် ပင်ကိုယ်စွမ်းရည် အမျိုးမျိုးကို အားပေးသည့် ပညာရေးစနစ်ကို ကျင့်သုံးရမည်။

၁၅။ ကျောင်းပညာရေးစနစ်အပြင် လုပ်ငန်းအတွေ့အကြုံနှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) များကို တိုင်းရင်းသားဒေသ အလုပ်အကိုင်များနှင့် ဆက်စပ်၍ သင်ကြားပေးသည့် ပညာသင်ဌာနများ ဖွင့်လှစ်ထားရှိရမည်။

၁၆။ ရှေးဦးသင်ပညာရေး၊ အခြေခံကျောင်းပညာရေးနှင့် အဆင့်မြင့်ပညာရေးစနစ် (Higher Education) သည် ကျောင်းသူ/သားများကို ဗဟိုပြု၍ သုတေသနအခြေပြုသည့် ပညာရေးစနစ် ဖြစ်ရမည်။

၁၇။ အသက်အရွယ်ကန့်သတ်ထားခြင်းမရှိပဲ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးမှုများ ပြုလုပ်နိုင်သည့် ဘဝတသက်တာ စဉ်ဆက်မပြတ် လေ့လာနိုင်ခြင်း (Lifelong Learning) ပညာရေးစနစ် ထားရှိရမည်။

၁၈။ နိုင်ငံသားတိုင်း ကျောင်းပြင်ပ ပညာရေး (Non-formal Education) နှင့် ကျောင်းတွင်းပညာရေး (Formal Education) အကြား တရားဝင် ကူးပြောင်းပညာသင်ခွင့် ရရှိနိုင်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းပေးရမည်။

၁၉။ ပညာရေးနယ်ပယ်တွင် မူးယစ်ဆေးဝါးများနှင့် အဂတိလိုက်စားမှု ကင်းရှင်းရေးအတွက် အထူးမူဝါဒများ ချမှတ်ရမည်။

၂၀။ ဝေးလံဒေသများနှင့် အထူးလိုအပ်ချက်ရှိသော ဒေသများရှိ ပညာရေးနယ်ပယ်များတွင် ပညာသင် ကြားနိုင်ရန်အတွက် အထူးစီမံချက်များ လုပ်ဆောင်ပေး၍ ပညာရေးရံပုံငွေများ ပိုမိုတိုးမြှင့်ပေးရမည်။

၂၁။ တက္ကသိုလ်ဝင်တန်း စာမေးပွဲအပါအဝင် အရည်အသွေးစစ် စာမေးပွဲများ ပြည်နယ်တိုင်းရှိ သက်ဆိုင်ရာ ပညာရေးအင်စတီကျူးရှင်းများနှင့် ပုဂ္ဂလိကကျောင်းများအား ၎င်းတို့ ကျောင်းများအတွက် ၎င်းတို့ကို လုပ်ပိုင်ခွင့်ပေးနိုင်ရန် ဥပဒေပြဌာန်းရမည်။

၂၂။ အစာအာဟာရကျွေးမွေးရေး အစီအစဉ်များအပါအဝင် ကျောင်းကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် ပြည်နယ်ကျန်းမာရေးဌာနများနှင့် ဖက်ဒရယ် ပြည်ထောင်စု ကျန်းမာရေးဌာနများ ညှိနှိုင်းမှု ပြုလုပ်၍ဖော်ဆောင်ရမည်။

၂၃။ အခြေခံပညာရေးကို မူလတန်းမှ အထက်တန်းအောက်အဆင့်[၁၃] (Junior Secondary) အထိ အခမဲ့မသင်မနေရ (Free and Compulsary) ပညာရေးစနစ်ထားရှိပြီး အထက်တန်း အထက်အဆင့်[၁၄] (Senior Secondary) ပညာရေးစနစ်ကို အခမဲ့ပညာရေးစနစ်ဖြစ်ရမည်။

၂၄။ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ ပညာရေးလက်လှမ်းမမီသူများ၊ သင်ယူမှုအခက်အခဲရှိသူများ (Learning Disability) အတွက် လူတိုင်းအကျုံးဝင် (Inclusive) ပညာရေးမူဝါဒများကို ချမှတ်ကျင့်သုံးရမည်။

၂၅။ သင်ရိုးညွှန်းတမ်းတွင် အားကစား၊ ကာယပညာ၊ လူမှုဆက်ဆံရေး၊ အနုရသပညာ၊ ပြည်သူ့နီတိ၊ စဉ်းစားတွေးခေါ်မှု ဘာသာရပ်များကိုလည်း တရားဝင်ထည့်သွင်းသင်ကြားပေးရမည်။

၂၆။ သင်ယူမှုကို ထိရောက်စေရန် ကျောင်းသားနှင့်ဆရာအချိုးကို ကျောင်းသား -၂၅ း ဆရာ - ၁ ဖြင့် မျှတစွာထားရှိရမည်။

၂၇။ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများကို ပညာရေးအဆင့်တိုင်း[၁၅]တွင် ထားရှိရမည်။

၂၈။ ပညာရေးဝန်ထမ်းများ ခန့်အပ်ရာတွင် ဒေသခံတိုင်းရင်းသားများအား ဦးစားပေးခန့်အပ်ရမည်။

၂၉။ စဉ်ဆက်မပြတ် ဘက်စုံစစ်ဆေးအကဲဖြတ်ခြင်း (Continuous and Comprehensive Assessment)၊ ကျောင်းသားဗဟိုပြု စစ်ဆေးအကဲဖြတ်ခြင်း (Student-centred Assessment)၊ သင်ယူမှုကိုမြှင့်တင်သော စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) များကို ကျင့်သုံးရမည်။

၁၃။ အထက်တန်းအောက်အဆင့်တွင် တက္ကသိုလ်ဝင်တန်း မတိုင်မီအတန်း အောက်အဆင့် နှင့် အခြေခံမူလတန်းများ အကြားတွင်ရှိသည့် အတန်းများပါဝင်သည်။
၁၄။ အထက်တန်းအထက်အဆင့်တွင် တက္ကသိုလ်ဝင်တန်းမတိုင်မီ အတန်းများနှင့် တက္ကသိုလ်ဝင်တန်း အတန်း ပါဝင်သည်။
၁၅။ အခြေခံပညာ၊ အသက်မွေး ဝမ်းကြောင်းပညာနှင့် အဆင့်မြင့်ပညာများပါဝင်သည်။

၃၀။ အသက်မွေးဝမ်းကြောင်းပညာ (Vocational Education) ကို အခြားဘာသာရပ်များနည်းတူ တန်ဖိုးထားရမည်။ အသက်မွေးဝမ်းကြောင်းပညာရပ်များကို အဆင့်မြင့်ပညာ (Higher Education) ထိ သင်ကြားနိုင်ခွင့်ရှိရမည်။

၃၁။ ကာယ/ဉာဏလုပ်သားများအတွက် ပညာသင်ကြားနိုင်ရန် အခွင့်အလမ်းများကို လုပ်သား ကောလိပ်များ (Community/Labor College) ဖွင့်လှစ်ပေးရမည်။

၃၂။ ပညာရေးဆိုင်ရာ သုတေသနပြုလေ့လာသုံးသပ်မှုများကို အားပေးမြှင့်တင်ရမည်။

၃၃။ ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာနှင့်အညီ ဘဝရပ်တည်မှုနှင့် စွမ်းရည်မြှင့်တင်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရမည်။ အထူးလိုအပ်ချက်ရှိနေသော ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများကို အထူးအကျိုးခံစားခွင့် ရှိရမည်။

၃၄။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများကို မိမိတို့၏ အမျိုးသားပြည်နယ်များတွင်သာမက သက်ဆိုင်ရာ တိုင်းရင်းသားများနေထိုင်သောအခြား ဒေသများတွင်လည်း လွတ်လပ်စွာ ဖွင့်လှစ်ခွင့် ရှိရမည်။

# ၃။ မြေယာ မူဝါဒများ (မူကြမ်း)





## နောက်ခံသမိုင်း

ဤမြေယာမူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅-၂၇ ရက်နေ့များ၌ ENAC မှ ဦးဆောင်ကျင်းပသည့် စီးပွားရေးဆိုင်ရာမူဝါဒများ အပိုင်း(၁) မြေယာနှင့် သဘာဝ သယံဇာတ မူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ။ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ (CSOs) မှ ကိုယ်စားလှယ်များ တိုင်ပင်ဆွေးနွေးခြင်းအား ဖြင့် ရရှိလာသော မူဝါဒအကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ် ပြင်ဆင် ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့ များတွင် CBOs နှင့် CSOs မှ ကိုယ်စားလှယ်များ ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့သည်။ ယင်းကဲ့သို့ သုံးသပ် ပြင်ဆင်ဖြည့်စွက်ပြီး ရရှိလာသော ဤမူကြမ်းကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာ ဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့ အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ် များနှင့် တွေ့ဆုံဆွေးနွေးကာ သုံးသပ်ပြင်ဆင် ဖြည့်စွက်ခြင်းများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းမှု ပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက် များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များကို ဘုံနားလည်မှုများ (Common Understandings) ရရှိ နိုင်ရန် EAOs မှ ခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက် ဖွဲ့စည်း ထားသော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မြေယာမူဝါဒများ ဖြစ်ပါသည်။

## နိဒါန်း

မြေယာမူဝါဒချမှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်ရာတွင် ဗဟို ချုပ်ကိုင်မှုပြဿနာ (ဥပမာ - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်-၃၇ တွင် နိုင်ငံတော်သည် မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သံယံဇာတ ပစ္စည်း အားလုံး၏ ပင်ရင်း ပိုင်ရှင်ဖြစ်သည်)၊ ၂၀၁၂ လယ်ယာဥပဒေ (မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းဥပဒေ)နှင့် ၂၀၁၄ အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)တို့သည် စီးပွားရေး ပိုင်ရှင်များ၊ မြန်မာအစိုးရတပ်မတော် အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြီးစား မြေယာပိုင်ဆိုင်နိုင်ရေးအတွက်သာ အကျိုးဖြစ်စေသည်။ လက်ရှိအစိုးရမြေယာ မူဝါဒများ သည် မြေယာပြဿနာနှင့် မြေယာအငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်သည့် ယန္တရားများ မရှိပါ။ ငြိမ်းချမ်းရေးများဖြစ်စဉ် မတိုင်မီနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကာလများအတွင်း နိုင်ငံ အနှံ့တွင် လူမျိုးစုံတိုင်းရင်းသားပြည်သူတို့၏ လယ်ယာမြေများကို မတရား သိမ်းယူခဲ့မှုနှင့်

ဆုံးရှုံးခဲ့ကြသော လယ်ယာမြေများအတွက် လျော်ကြေးငွေ အာမခံပေးခြင်းလည်း မရှိပေ။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများကို ကိုယ်စားပြု၍ နိုင်ငံတကာ စံချိန်စံညွှန်းများ၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုစနစ်နှင့် ကိုက်ညီသည့် မြေယာမူဝါဒများကို ချမှတ် ပြဋ္ဌာန်းကျင့်သုံးသွား ရန်လိုအပ်သည်။

## ဦးတည်ချက်

တရားမျှတမှုမရှိခြင်းနှင့် ခေတ်နှင့်လျော်ညီမှု မရှိသော လယ်ယာမြေ ဥပဒေများ ဖျက်သိမ်းနိုင်ရန်၊ မြေယာနှင့်ပတ်သက်သော မူဝါဒများသည် ကျား-မခွဲခြားမှု မရှိစေရေး အပါအဝင် တန်းတူရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ ရေရှည်တည်တံ့ခိုင်မြဲသော မြေယာပိုင်ဆိုင်မှု၊ မြေယာစီမံခန့်ခွဲနိုင်မှုနှင့် မြေယာအသုံးချမှုစနစ်များ အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုစနစ်ကို အခြေခံသည့်မြေယာမူဝါဒများ ဖြစ်ပေါ်လာရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ မြေယာနှင့်ပတ်သက်သော မူဝါဒများ ဥပဒေများရေးဆွဲရာတွင် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ရေးဆွဲရမည်။

၂။ လက်ရှိမြေယာပြဿနာဖြေရှင်းခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့် မြတ်ရေးဖြစ်စဉ်ကို အထောက်အကူပြုစေနိုင်သော မြေယာမူဝါဒကို ရေးဆွဲရမည်။

၃။ တိုင်းရင်းသား နိုင်ငံရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများတို့သည် မိမိတို့၏ တိုင်းရင်းသားနယ်မြေအတွင်း မြေယာကို စီမံခန့်ခွဲရာတွင် မြေယာမူဝါဒ၊ မြေယာဥပဒေနှင့် အကောင်အထည်ဖော်မည့် ယန္တရားများ ထားရှိရမည်။

၄။ ဂေဟစနစ်ကို မပျက်ဆီးစေဘဲ တောင်သူလယ်သမားများသည် ကိုယ်ပိုင်ဆိုင်သည့် လယ်ယာမြေ (သို့မဟုတ်) တောင်ယာမြေများပေါ်တွင် (ဓလေ့ထုံးတမ်းနှင့်အညီ) ဖူလုံသည့် အစားအစာ (Food Security) ရရှိရန် လွတ်လပ်စွာ သီးနှံစိုက်ပျိုးခွင့် ရှိရမည်။

၅။ တိုင်းရင်းသားပြည်သူလူထုတွင် လွတ်လပ်၍ စည်းစနစ်ကျသော မြေယာစီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

## မူဝါဒအကြံပြုချက်များ

၁။ မြေယာဆိုသည်မှာ မြေ၊ သစ်တော၊ ရေ၊ ရေလုပ်ငန်းနှင့်ဆက်စပ်သည့် သဘာဝ သယံဇာတများ အားလုံးပါဝင်သည်။

၂။ တိုင်းရင်းသား ပြည်နယ်အစိုးရသည် မိမိပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသား ပြည်သူလူထု၏ သဘောဆန္ဒနှင့် အညီမြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၃။ မြေယာပိုင်ဆိုင်ခြင်း၊ ခွဲဝေခြင်း၊ အသုံးပြုခြင်းများနှင့် ပတ်သက်သည့် လုပ်ထုံးလုပ် နည်းများကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံနှင့်အညီ တိုင်းရင်းသား ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းဖော်ပြရမည်။

၄။ မြေယာနှင့်သက်ဆိုင်သော အခွန်များကို တိုင်းရင်းသားပြည်နယ်အစိုးရမှ စီမံခန့်ခွဲ ပိုင်ခွင့်ရှိရမည်။

၅။ တိုင်းရင်းသား ပြည်နယ်များတွင် မြေယာပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေများသည် သက် ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း အစဉ်အလာအရ ကျင့်သုံးသော မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုစနစ်အား အသိအမှတ်ပြုပြီး ပြဋ္ဌာန်းရမည်။

၆။ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများသည် သက်ဆိုင်ရာ မြေယာ၏ မူလပိုင်ရှင် ဖြစ်သည်။

၇။ တိုင်းရင်းသား ပြည်သူလူထုမြေယာပိုင်ဆိုင်သည့် လက်မှတ်များကို သက်ဆိုင်ရာ ပြည်နယ်အစိုးရက တရားဝင်အသိအမှတ်ပြုခွင့်ရှိရမည်။ ထိုကဲ့သို့ မြေယာပိုင်ဆိုင် သည့် လက်မှတ်တရားဝင် အသိအမှတ်ပြုရာတွင် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများမှ တိုင်းရင်းသား ပြည်သူလူထုအား အသိအမှတ်ပြု ထုတ်ပေးပြီးသည့် မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်လက်မှတ်များကို သက်ဆိုင်ရာ ပြည်နယ်အစိုးမှ တရားဝင် အသိအမှတ်ပြုရမည်။

၈။ တိုင်းရင်းသား ပြည်သူလူထုပိုင်ဆိုင်သော မြေများကို ၎င်းတို့၏ သဘောတူညီမှု ရယူသည့်အပြင် ထိုက်သင့်သော တန်ဖိုးပေးဆောင်ခြင်းမရှိပဲ သိမ်းဆည်းခြင်းမပြုရ။

၉။ လယ်ယာမြေပြဿနာများကို ဖြေရှင်းရာတွင် ရိုးရာဓလေ့ထုံးတမ်းကို အခြေခံ၍ ပွင့်လင်းမြင်သာသည့် လွတ်လပ်သော တရားစီရင်ရေးစနစ်အတွက် ဥပဒေများ ပြဋ္ဌာန်း၍ ယန္တရားတစ်ရပ် ထားရှိရမည်။

၁၀။ မြေရှင်မှ သဘောတူညီမှုမရှိပဲ သိမ်းဆည်းထားသော မြေများကို သက်ဆိုင်သူများထံ ပြန်လည်ပေးအပ်ရမည်။ ပြန်ပေး၍ မရသော မြေများအတွက် ကာလတန်ဖိုးနှင့်အညီ လျော်ကြေး ပြန်လည်ပေးအပ်ရမည်။

၁၁။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်သည် အများပြည်သူပိုင်ဆိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းပိုင်ဆိုင်ခွင့်တို့ ရှိရမည်။

၁၂။ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို ဌာနေဒေသခံတိုင်းရင်းသား အပေါ်အခြေခံပြီး ကန့်သတ်မှုများ ပြုလုပ်နိုင်ခွင့်ရှိရမည်။

၁၃။ မည်သည့် မြေပိုင်ဆိုင်မှုအတွက်ဖြစ်စေ မြေအကျယ်အဝန်း အကန့်အသတ်ထားရှိ ရမည်။

၁၄။ အစိုးရစစ်တပ်နှင့် အခြားလက်နက်ကိုင် အဖွဲ့အစည်းများမှ စိုက်ပျိုးလယ်ယာမြေ များကို သိမ်းဆည်းခြင်း လုံးဝမပြုလုပ်ရန် ဥပဒေပြဌာန်းရမည်။

၁၅။ မြေယာပြဿနာကို ဖြေရှင်းရာတွင် လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) ပါဝင်ခွင့်ရှိရမည်။

၁၆။ မြေယာနှင့်ပတ်သတ်သော ဗဟုသုတအသိပညာများကို ကျောင်းသင်ရိုးညွှန်းတမ်း ထဲတွင် ထည့်သွင်းသင်ကြားရမည်။

၁၇။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) အတွက် မိမိတို့ မူရင်းမြေများ ပြန်လည်ရရှိပိုင်ခွင့် (သို့မဟုတ်) ပြန်လည်အစားထိုး မြေယာများရရှိနိုင်ရမည်။

၁၈။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ ပြန်လည် နေထိုင်မည့် မြေယာရွေးချယ်ရာတွင် ၎င်းတို့၏ မူရင်းစွန့်ခွာခဲ့သည့်နေရာ (သို့မဟုတ်) မူရင်းပြည်နယ်တွင်းရှိ နေရာသစ်တွင် ၎င်းတို့နှင့် ဒေသခံလူထုများ ကိုယ်တိုင်ပါဝင် ဆုံးဖြတ်ခွင့်ရှိရမည်။

၁၉။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာစီမံခန့်ခွဲမှုပြုရာတွင်အမျိုးသမီးနှင့်အမျိုးသားအခွင့်အရေး တန်းတူညီမျှမှု ရှိရမည်။

၂၀။ မည်သည့်နိုင်ငံခြားသားနှင့် ဧည့်နိုင်ငံသားများမှ မြေပိုင်ဆိုင်ခွင့်မရှိစေရ။

၂၁။ ပြည်ထောင်စု သဘောတူစာချုပ်အရ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင် ပြဌာန်း အကောင်အထည်ဖော်ဆောင်နိုင်ခြင်းမရှိသည့် ကာလအထိ သက်ဆိုင်ရာ ပြည်နယ်များတွင် ဒေသခံလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေနိုင် သည့် အကြီးစား စီမံကိန်းများ၊ အထူးစီးပွားရေးဇုံနှင့် တန်ဖိုးကြီးသော သယံဇာတ[၁၆] တူးဖေါ်ထုတ်ယူသုံးစွဲခြင်း လုပ်ငန်းများကို ရပ်ဆိုင်းထားရမည်။

၂၂။ ပုဂ္ဂလိက ပိုင်မြေများ၊ လယ်ယာမြေ၊ သာသနာ့ဝတ္တကမြေနှင့် ဓလေ့ထုံးတမ်းပိုင်မြေ များကို အသွင်ပြောင်းရာတွင် ဒေသခံ တိုင်းရင်းသား ပြည်သူများထံမှ သဘောထား ရယူ၍ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိရမည်။


---

၁၆။ ဥပမာ - ရေနံ၊ သဘာဝဓာတ်ငွေ့၊ တွင်းထွက်ပစ္စည်းနှင့် ကျွန်းသစ်များ ပါဝင်သည်။

# ၄။ သဘာဝသယံဇာတဆိုင်ရာ မူဝါဒများ (မူကြမ်း)







## နောက်ခံသမိုင်း

ဤသဘာဝသယံဇာတဆိုင်ရာ မူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅-၂၇ ရက်နေ့များတွင် တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ ဦးဆောင်ကျင်းပသော စီးပွားရေးဆိုင်ရာ မူဝါဒများအပိုင်း ၁ မြေယာနှင့် သဘာဝသယံဇာတမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) မှ ကိုယ်စားလှယ်များ နီးနှောတိုင်ပင် ဆွေးနွေးခြင်းအားဖြင့် ရရှိလာသော မူဝါဒအကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ်ပြင်ဆင် ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့ များတွင် CBOs နှင့် CSOs မှ ကိုယ်စားလှယ်များ ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့ သည်။ ယင်းကဲ့သို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်၍ ရရှိလာသော ဤမူကြမ်းကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအသီးသီး အခြေစိုက်ရာ ဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ ဆွေးနွေးကာ သုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းမှုပြုလုပ်ပြီး နောက် ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက် ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs မှ ခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက် ဖွဲ့စည်းထားသော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲ ထပ်မံ ပြုလုပ်၍ ရရှိထားသော သဘာဝသယံဇာတဆိုင်ရာ မူဝါဒများ ဖြစ်ပါသည်။

## နိဒါန်း

သဘာဝသယံဇာတသည် ယခုလက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ရှိနေပြီး မဖြစ်မနေ စနစ်တကျ ကိုင်တွယ်ရမည့် အရာဖြစ်သည်။ အထူးသဖြင့် သဘာဝသယံဇာတနှင့် ပတ်သက်ပြီး ၁ ထုတ်ယူသုံးစွဲခွင့်၊ ၂ တိုက်ရိုက်အကျိုးအမြတ် ခွဲဝေခံစားခွင့်၊ ၃ ထိန်းချုပ်မှုပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်၊ ၄ ဆုံးဖြတ်ပိုင်ခွင့် စသည်တို့သည် ဌာနေဒေသခံ တိုင်းရင်းသားလူမျိုးများ၏ လက်ထဲတွင် ရှိရမည်ဖြစ်သည်။ အထက်ပါ လုပ်ပိုင်ခွင့်များနှင့် အာဏာများအတွက် မည်သို့ပုံစံ ဖြစ်သင့်သည်ကို ငြိမ်းချမ်းရေးဖြစ်စဉ် အတွင်း နိုင်ငံရေးဆွေးနွေးပွဲမှတဆင့် ပေါ်ပေါက်လာမည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတွင်

ကျင့်သုံးအကောင်အထည်ဖော်ရန် သဘာဝသယံဇာတဆိုင်ရာ မူဝါဒများ ချမှတ်ထားရန် လိုအပ်သည်။

## ဦးတည်ချက်

သက်ဆိုင်ရာတိုင်းရင်းသား ပြည်နယ်ရှိ သဘာဝသယံဇာတနှင့် ပတ်သက်၍ ၎င်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများ ပိုင်ဆိုင်ခွင့်၊ သုံးစွဲပိုင်ခွင့်၊ စီမံခန့်ခွဲ ပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိရေးကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရေးဆွဲသော တိုင်းရင်းသား ပြည်နယ်များ၏ မူဝါဒများ၊ ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ဒေသခံတိုင်းရင်းသား လူထုကို ထိခိုက်နစ်နာစေနိုင်သည့် အကြီးစားစီမံကိန်းများ၊ အထူးစီးပွားရေးဇုန်နှင့် တန်ဖိုးကြီးသောသယံဇာတ[၁၇] တူးဖော်သုံးစွဲခြင်းလုပ်ငန်းများကို "ပြည်ထောင်စု သဘောတူစာချုပ်" ရရှိသည့်ကာလအထိရပ်ဆိုင်း ထားရမည်။

၂။ သဘာဝသယံဇာတ စီမံခန့်ခွဲရေးတွင် ဒေသခံ တိုင်းရင်းသားလူမျိုးများသည် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု အုပ်ချုပ်မှုစနစ်အောက်၌ ရေရှည်တည်တံ့နိုင်မြဲသော သဘာဝသယံဇာတ စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးပိုင်ခွင့်နှင့် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိစေ ရမည်။

၃။ အကြီးစားစီမံကိန်းများ၊ အထူးစီးပွားရေးနှင့် တန်ဖိုးကြီးသော သယံဇာတ တူးဖော်သုံးစွဲရာတွင် ပထမဦးစားပေးအနေနှင့် ဒေသခံလူထုထံမှ လွတ်လပ်စွာသဘောထား ရယူရန် အသိပေးခြင်းဖြင့် ၎င်းတို့၏ သဘောတူညီမှုရယူသည့် နိုင်ငံတကာ စံချိန် စံညွှန်း (FPIC)[၁၈] ဖြင့် ချမှတ်သွားရမည်။

## မူဝါဒအကြံပြုချက်များ

၁။ တိုင်းရင်းသားပြည်နယ်တွင်းရှိ သဘာဝသယံဇာတ အားလုံးသည် သက်ဆိုင်ရာ တိုင်းရင်းသား ပြည်နယ်ရှိ ဌာနေတိုင်းရင်းသား ပြည်သူလူထုမှပိုင်ဆိုင်သည်။

၂။ လေထု၊ ရေထုနှင့် မြေပေါ်မြေအောက်ရှိ သဘာဝအရင်းအမြစ်များ အပါအဝင် ဌာနေ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ အစဉ်အလာအရ ကျင့်သုံးလာသော သဘာဝ

၁၇။ ရေနံ၊ ဓာတ်ငွေ့နှင့် အခြားတွင်းထွက်ပစ္စည်းများ တူးဖော်သုံးစွဲခြင်းလုပ်ငန်းများနှင့် ကျွန်းသစ်အပါအဝင် အခြားသစ်များထုတ်လုပ်ခြင်းများ။

၁၈။ Free, Prior Informed Consent

သယံဇာတ စီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြု အာမခံသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရမည်။

၃။ သဘာဝသယံဇာတများကို စီမံခန့်ခွဲရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူလူထု၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရ အစိုးရတို့ ပူးပေါင်းဆောင်ရွက်ရမည်။

၄။ သဘာဝသယံဇာတနှင့်ပတ်သက်ပြီး ထုတ်ယူသုံးစွဲခွင့်၊ တိုက်ရိုက်အကျိုးအမြတ် ခွဲဝေခံစားခွင့်၊ ထိန်းချုပ်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်အာဏာစသည့် တိုင်း ရင်းသား ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များကို ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေများထဲတွင် ရေးဆွဲပြဋ္ဌာန်းရမည်။

- **တရားဥပဒေနှင့် စီမံခန့်ခွဲရေးမူဘောင်။** (၁) သဘာဝသယံဇာတ ထုတ်ယူရောင်းချ မှုအတွက် စီမံခန့်ခွဲရာတွင် ရှင်းလင်း၊ မြင်သာ၍ အားလုံးပါဝင်သော မဟာဗျူဟာ ချမှတ်ရမည်။ (၂) သဘာဝသယံဇာတ စီမံခန့်ခွဲရေးအတွက် တရားဥပဒေစိုးမိုးစေ မည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးရမည်။ (၃) ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖော်ရေးအပါအဝင် အခြားသော သဘာဝသယံဇာတ ထုတ်ယူရောင်းချမှု များသည် ကောင်းမွန်သော အကောက်အခွန်ရရှိနိုင်ရေးအတွက် ထိထိရောက် ရောက် ပူးပေါင်းစီမံခန့်ခွဲရမည်။
- **စမ်းသပ်လေ့ခြင်းနှင့်လုပ်ပိုင်ခွင့်။**[၁၉] (၁) ပထဝီမြေအနေအထား စမ်းသပ်လေ့လာ ခြင်းနှင့်ပတ်သက်ပြီး နောက်ခံသမိုင်းကြောင်းနှင့် နောက်ဆုံးရသတင်းအချက် အလက်များ ရယူရမည်။ (၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက် နစ်နာမှုများ ရှိ/မရှိအပေါ် အခြေခံပြီး လုပ်ပိုင်ခွင့် ချပေးရမည်။ (၃) လုပ်ပိုင်ခွင့် ချပေးခြင်း အဆင့်ဆင့်တွင် ပွင့်လင်းမြင်သာမှုရှိရမည်။
- **တာဝန်ယူမှုနှင့်တာဝန်ခံမှု။** (၁) စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်များကို ဒေသခံ တိုင်းရင်းသား လူထုအပါအဝင် ပြည်သူလူထုအား ချပြရမည်။ (၂) စီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုနှင့် ပါဝင်ရင်းနှီးမြှုပ်နှံမှု အတိုင်း အတာ ပမာဏအသီးသီးကို ပွင့်လင်းမြင်သာစွာ ချပြရမည်။ (၃) တိကျမှန်ကန်သော ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းများကို လူထုအား ချပြရမည်။

၅။ တိုင်းရင်းသားပြည်နယ်များအတွင်းရှိ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်း အပေါ် ဖက်ဒရယ် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားပြည်နယ် အစိုးရအကြား အကောက်အခွန်များ ခွဲဝေသုံးစွဲမှု အချိုးကို ဖက်ဒရယ်ဒီမိုရေစီ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် တိကျစွာ ပြဋ္ဌာန်းရမည်။

- **အခွန်ကောက်ခံခြင်း။** (၁) ရှင်းလင်းပြီး တသမတ်တည်းရှိကာ စဉ်ဆက်မပြတ်

[၁၉] သဘာဝသယံဇာတ တူးဖော်ခြင်းကို တရားဝင် လုပ်ကိုင်ရန် လိုင်စင်များ ထုတ်ပေးခြင်းများ ပါဝင်သည်။

တိုးမြှင့် ကောက်ခံနိုင်သော အခွန်ကောက်ခံရေးစနစ်ကို ချမှတ်ရမည်။ (၂) အခွန်ဝင်ငွေများကို သေချာစွာ စာရင်းပြုစုရမည်။ (၃) အခွန်ဘဏ္ဍာငွေကြီးကြပ်ခြင်းနှင့် အခွန်စာရင်းစစ်ဆေးမှုကို အားကောင်းစေရန် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေး ကော်မရှင်များထားရှိ၍ အကောင်ထည်ဖော်ရမည်။

- **အခွန်ဘဏ္ဍာငွေများကို မျှဝေအသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်း။** (၁) နှစ်စဉ်သုံး ကုန်ကျစရိတ် မြင့်မားမှုကို ချော့မွေ့စေခြင်း၊ နိုင်ငံ၏ ဘဏ္ဍာငွေ မဟုတ်ဘဲ ပြင်ပ (သို့မဟုတ်) အခြားမှလာသော အသုံးစရိတ်များကို နိုင်ငံ၏ ဘဏ္ဍာငွေ အသုံးစာရင်းတွင် ထည့် သွင်းစီမံခန့်ခွဲရမည်။ (၂) သဘာဝသယံဇာတ ထုတ်ယူရောင်းချခြင်းမှ ရရှိသော အခွန်နှင့်ဝင်ငွေများကို မျှဝေအသုံးပြုခြင်း အပါအဝင် တိုင်းရင်းသား ပြည်နယ်အဆင့် ဘဏ္ဍာဝင်ငွေ မျှဝေအသုံးပြုခြင်း ပုံသေနည်း (Revenue Sharing Formula)ကို ဥပဒေဖြင့် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ရမည်။ (၃) အစိုးရပိုင်နှင့် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများမှ ပေးဆောင်ရမည့် အခွန်ပမာဏကို ရှင်းလင်းစွာ သတ်မှတ်ပြီး အကောင်အထည်ဖော်ရမည်။
- **အစိုးရ (သို့မဟုတ်) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ။** (၁) အစိုးရပိုင်နှင့် နိုင်ငံပိုင် သယံဇာတ ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းများအတွက် အခြားစီးပွားရေး လုပ်ငန်းများနည်းတူ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုကို အခြေခံသည့် ဥပဒေများကို ပြဋ္ဌာန်းပေးရမည်။ (၂) တိကျရှင်း လင်းမှုမရှိသော တာဝန်နှင့် အခန်းကဏ္ဍ၊ ပြည်သူပိုင်ဘဏ္ဍာငွေကို အလွဲသုံးစားပြုလုပ်ခြင်း၊ အားနည်းသော စီမံခန့်ခွဲမှုနှင့် ကိုယ်ကျိုးစီးပွား မျှော်ကိုးမှုကြောင့်ဖြစ်ပေါ်သော အကျင့်ပျက် ခြစားမှုများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန်အတွက် ဥပဒေများပြဋ္ဌာန်းပြီး အရေးယူရမည်။

၆။ ပြည်ထောင်စု အစိုးရအနေဖြင့် သဘာဝသယံဇာတနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်း တစ်ခုခုပြုလုပ်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (EIA)[၂၀]၊ လူမှုဘဝ အပေါ်အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (SIA)[၂၁]၊ ကျန်းမာရေး ဆိုးကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (HIA)[၂၂]၊ ပဋိပက္ခ ဖြစ်နိုင်ခြေအတွက် ဆန်းစစ်ခြင်း (CIA)[၂၃] နှင့် အခြားလိုအပ်သော ဆန်းစစ်ခြင်းတို့ကို တိုင်းရင်းသားပြည်သူများ သိရှိနားလည်အောင် စနစ်တကျ ရှင်းလင်းချပြပြီးမှ ၎င်းပြည်သူလူထု၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ရမည်။

- **ဒေသအပေါ် ထိခိုက်နစ်နာမှုကို စီမံခန့်ခွဲခြင်း။** (၁) ထိခိုက်နစ်နာမှုဆိုင်ရာ ဆန်းစစ်လေ့လာမှုများအတွက် ရှင်းလင်းတိကျသော မူဝါဒများ ချမှတ်ရမည်။ (၂) စီမံကိန်းများ စတင်အကောင် အထည်မဖော်မီ ဒေသခံ တိုင်းရင်းသားပြည်သူများကို ကြိုတင်

၂၀။ *Environmental Impact Assessment*
၂၁။ *Social Impact Assessment*
၂၂။ *Health Impact Assessment*
၂၃။ *Conflict Impact Assessment*

အသိပေးခြင်းနှင့် ၎င်းတို့၏ လွတ်လပ်စွာ သဘောထား ထုတ်ဖော်ခွင့်ရှိသည့် အားလုံးပါဝင်နိုင်သော တိုင်းရင်းသား လူထုသဘောထားရယူမှုကို ပြုလုပ်ရမည်။ (၃) စီမံကိန်းပြုလုပ်သည့် ဧရိယာတွင် ဒေသခံ တိုင်းရင်းသားလူထုနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံမှုအပေါ် ဖြစ်ပေါ်မည့် ထိခိုက်နစ်နာမှုများကို ကာကွယ်ရမည့်အပြင် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲပြီးနောက် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားခြင်းနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။ (၄) ဒေသခံတိုင်းရင်းသား လူထုများပြုလုပ်သည့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (EIA)၊ လူမှုဘဝအပေါ် အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (SIA)၊ ကျန်းမာရေး ဆိုးကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (HIA)၊ ပဋိပက္ခ ဖြစ်နိုင်ခြေအတွက် ဆန်းစစ်ခြင်း (CIA) နှင့် အခြားလိုအပ်သော ဆန်းစစ်ခြင်းတို့ကို အသိမှတ်ပြုရမည်။

၇။ သဘာဝသယံဇာတများ ထုတ်ယူရောင်းချရာတွင် လေ့လာစစ်ဆေးရန်အတွက် ပညာရှင်၊ ဒေသခံ တိုင်းရင်းသား လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) ပါဝင်ဖွဲ့စည်းထားသော လွတ်လပ်သည့် စောင့်ကြည့် လေ့လာရေးကော်မရှင်နှင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်များကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြု၍ လေ့လာစစ်ဆေးခွင့်ရှိရမည်။

၈။ သဘာဝသယံဇာတမှ ရရှိသော အကျိုးအမြတ်များကို တိုင်းရင်းသားပြည်နယ်များ အတွင်းရှိ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်အသုံးပြုရမည် - (၁) ကျန်းမာရေးနှင့်ပညာရေးအတွက် ဘဏ္ဍာငွေကို ပိုမိုရင်းနှီးမြှုပ်နှံရမည်။ (၂) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံများကို[၂၄] ဆောက်လုပ်၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်။ (၃) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အသုံးပြုသော ဘဏ္ဍာငွေနှင့် အသုံးစရိတ် စီမံခန့်ခွဲမှုစနစ်ကို သေချာစွာကြီးကြပ်ရမည်။

၉။ သဘာဝသယံဇာတစီမံခန့်ခွဲရေးတွင် နိုင်ငံတကာကုမ္ပဏီနှင့် ငွေကြေးထောက်ပံ့သူများ၏ ပူးပေါင်း ပါဝင်မှုကို စနစ်တကျလမ်းညွှန် ကြီးကြပ်ရမည်။

- **နိုင်ငံတကာ ကုမ္ပဏီများ၏ အခန်းကဏ္ဍ။** (၁) ကုမ္ပဏီများ၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် လုပ်ငန်းများကို နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ အကောင်အထည်ဖော်ရမည်။ (၂) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ဒေသခံ တိုင်းရင်းသားလူထု၏ သဘောတူညီမှုကို အလေးထား ရယူရမည်။ (၃) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြည်တွင်းဥပဒေ အားနည်းနေပါက နိုင်ငံတကာ ဥပဒေနှင့် စံချိန်စံနှုန်း အတိုင်း လိုက်နာအကောင်အထည်ဖော်ရမည်။

---

၂၄။ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည်တို့ပါဝင်သည်။

- **နိုင်ငံတကာ အသိုင်းအဝိုင်း၏ အခန်းကဏ္ဍ။** (၁) နိုင်ငံတကာ ငွေကြေးထောက်ပံ့သော အဖွဲ့အစည်းများသည် အားလုံးပါဝင်ရေးဆွဲဆုံးဖြတ်သည့် လုပ်ငန်းအစီအစဉ် ချမှတ်ရေးကို အားပေးထောက်ပံ့ရမည်။ (၂) စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများသည် ကောင်းမွန်သော နိုင်ငံတကာ စံချိန်စံနှုန်းနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ သဘာဝသယံဇာတနှင့် ပတ်သက်သော ဗဟုသုတအသိပညာများကို ကျောင်းသင်ရိုးညွှန်း တမ်းထဲတွင် ထည့်သွင်းသင်ကြားပေးရမည်။

၁၁။ သဘာဝသယံဇာတများ ထုတ်ယူရောင်းချရာတွင် အချိန်တိုအတွင်း အလွန်အကျွံထုတ်ယူခြင်း မပြုပဲ ဂေဟစနစ် (Ecosystem) ပျက်စီးမှု လျော့ကျအောင် စနစ်တကျထုတ်ယူသည့် မူဝါဒများ ချမှတ်ရမည်။

# ၅။ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ (မူကြမ်း)






# နောက်ခံသမိုင်း

ဤစိုက်ပျိုးရေးမူဝါဒ (မူကြမ်း)သည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၆-၂၇ ရက်နေ့များ၌ တိုင်းရင်းသား လူမျိုးများရေးရာစင်တာ (ENAC) မှ ဦးဆောင် ကျင်းပသော စီးပွားရေးဆိုင်ရာမူဝါဒများ အပိုင်း (၂) စိုက်ပျိုးရေးဆိုင်ရာမူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs)နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) မှ ကိုယ်စားလှယ်များ နီးနောတိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ရရှိလာသော မူဝါဒ အကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CBOs နှင့် CSOs မှ ကိုယ်စားလှယ်များ ပြန်လည် သုံးသပ်ပြင်ဆင် ဖြည့်စွက်ခဲ့သည်။ ယင်းကဲ့သို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်၍ ရရှိလာသော ဤမူကြမ်းကို တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း အသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကာ သုံးသပ်ပြင်ဆင် ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းမှု ပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များ အတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs မှ ခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက် ဖွဲ့စည်းထားသော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော စိုက်ပျိုးရေးမူဝါဒများ ဖြစ်ပါသည်။

# နိဒါန်း

စိုက်ပျိုးရေးမူဝါဒ ချမှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်ရာတွင် မူဝါဒများကို နိုင်ငံတော်ဗဟိုမှ စီမံကိန်းသီးနှံများ စိုက်ပျိုးရန်ချမှတ်ခြင်း၊ တသီးစိုက်သည့် မူဝါဒများ ချမှတ်ခြင်း၊ ကုမ္ပဏီများနှင့် ငွေကိုသာအားပေးသောမူဝါဒများ[၂၅]၊ ဓာတုနှင့် နိုင်ငံခြားမျိုးစေ့များကို ဦးစားပေးသောမူဝါဒများ၊ ကုန်လှောင်သည့်မူဝါဒများ၊ ဈေးကွက်ထိန်းချုပ်သည့် မူဝါဒများ၊ အစိုးရက ဈေးကွက်ထိန်းချုပ်သည့် မူဝါဒများဖြစ်ခြင်းတို့ကြောင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်လာရန် လက်တွေ့အကောင်အထည်ဖော်နိုင်မှု ထောက်ပံ့ပေးသည့် မူဝါဒများ မရှိသလောက်ဖြစ်သည်။ ထို့အပြင် မျိုးရိုးဗီဇ ပြောင်းလဲထားသော မျိုးစေ့ (GMO)၊ ကုမ္ပဏီများထိန်းချုပ်သော စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု (Contract Farming)၊ လယ်သမားများ၏ စိုက်ပျိုးရေးအတွက် ချေးငွေအတိုးများခြင်း၊ စပါးဈေးကွက်မရှိခြင်း၊

---

၂၅။ အစိုးရစိုက်ခိုင်းသည့်သီးနှံများကိုသာစိုက်ရခြင်း။

စိုက်ပျိုးရေးအကြောင်းကို နားမလည်သည့် ဝန်ကြီးများ အစဉ်အဆက် အုပ်ချုပ်ခြင်း၊ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ကျွမ်းကျင်သည့်ပညာရှင်များ နေရာပေးမှုအားနည်းခြင်း တို့ကြောင့် စိုက်ပျိုးရေးနည်းပညာနှင့် သီးနှံကိုက်ညီမှု မရှိ၍ စိုက်ပျိုးရေးကဏ္ဍ ပိုမို ဆုတ်ယုတ်လာကြောင်းတွေ့ရှိရသည်။ လယ်လုပ်သူလယ်ပိုင်ရမည့်အစား ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ(၃၇) တွင် ရေ၊ မြေ၊ သစ်တောသယံဇာတများကို နိုင်ငံတော်ပိုင် ပြုလုပ်ထားခြင်း၊ (၂၀၁၂) မြေယာဥပဒေအရ ကုမ္ပဏီများက ၅၀၀ ဧကမှ ၅၀၀၀ ဧက ယူ ထားနိုင်ခြင်း၊ တိုင်းရင်းသားပြည်နယ်နှင့် တိုင်းရင်းသား ပြည်သူများ ပါဝင်မှုမရှိသည့် ဗဟို ချုပ်ကိုင်မှုစနစ်ဖြစ်နေခြင်းနှင့် ပြည်သူလူထု လုပ်ကိုင်စားသောက်သည့် မြေယာသိမ်း ဆည်းခြင်းတို့သည် စိုက်ပျိုးရေးမူဝါဒနှင့် တိုက်ရိုက်ဆက်စပ်သောကြောင့် စိုက်ပျိုးရေး ဆိုင်ရာမူဝါဒများကို အဖက်ဖက်မှ ပြုပြင်ပြောင်းလဲရန် လိုအပ်နေကြောင်း တွေ့ရှိရသည်။

## ဦးတည်ချက်

ဂေဟစနစ် (Ecosystem) နှင့် လိုက်လျောညီထွေပြီး နည်းပညာအထောက်အကူပြု စိုက်ပျိုးရေးစနစ်ဖြင့် အဟာရပြည့်ဝသော အစားအစာများကို လူတိုင်းဖူလုံစွာ ရရှိ စေရေးနှင့် ဒေသနှင့်လိုက်လျောညီထွေသော သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုး ပိုင်ခွင့်၊ စီမံ ပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် စိုက်ပျိုးရေးစနစ် ထွက်ပေါ်လာရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ဌာနေတိုင်းရင်းသားပြည်သူများကို ဦးစားပေးသည့် စိုက်ပျိုးရေးစနစ် ဖော်ဆောင်ရ မည်။

၂။ အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့်အညီဖြစ်ပြီး နိုင်ငံတကာ အခြေခံလူ့အခွင့်အရေးများ[၂၆] ဆိုင်ရာ သတ်မှတ်ချက်များနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေးကို အခြေခံသည့် စိုက်ပျိုးရေးမူဝါဒ ဖြစ်ရမည်။

၃။ တပိုင်တနိုင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် လယ်ယာမြေပိုင်ဆိုင်ရေး ဖော်ဆောင်ရမည်။

၄။ ဒေသစားနပ်ရိက္ခာဖူလုံရေးအတွက် အဓိက အခြေခံလိုအပ်ချက်ဖြစ်၍ လုံလောက် သော စိုက်ပျိုးမြေများကို ဖော်ဆောင်ရမည်။

၅။ ရေရှည်တည်တံ့ခိုင်မြဲပြီး၊ သဘာဝပတ်ဝန်းကျင်နှင့် လူကိုမထိခိုက်စေသော ခေတ်မီ စိုက်ပျိုး ရေးနည်းစနစ် ဖြစ်ရမည်။

---

၂၆။ အခြေခံလူ့အခွင့်အရေးဆိုသည်မှာ ကလေးများအတွက်အထူးလိုအပ်ချက်ဆိုင်ရာ၊ ကျား-မဆိုင်ရာ၊ တောင်သူ လယ်သမားဆိုင်ရာ၊ အလုပ်သမားဆိုင်ရာ၊ အစားအသောက်ဆိုင်ရာလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စသည်များနှင့် ပတ်သက်သော အခွင့်အရေးများကို ဆိုလိုသည်။

၆။ ဒေသရင်း သဘာဝ မျိုးစေ့များကို မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင်ရမည်။

၇။ ဒေသနှင့်လိုက်လျော်ညီထွေပြီး ဒေသခံလူထုကို အကျိုးပြုသော နည်းပညာ အထောက်အကူပြု စိုက်ပျိုးရေးစနစ်ကို အသိပညာပေးဖြန့်ဖြူး၍ အကောင်အထည်ဖော်ရမည်။

၈။ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှု စနစ်ဖြစ်ရမည်။

## မူဝါဒအကြံပြုချက်များ

၁။ လယ်ယာမြေဟု ဆိုရာတွင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ အရာတော်မြေ၊ ကိုင်းကျွန်းမြေ၊ မြေနုကျွန်းမြေ၊ စားကျက်မြေ၊ တောင်ယာမြေများ ပါဝင်သည်။

၂။ စိုက်ပျိုးရေးဆိုင်ရာမူဝါဒများကို သက်ဆိုင်ရာပြည်နယ်များရှိ ပြည်သူများမှ တင်မြှောက်သည့် ဒေသန္တရ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များ၊ အတတ်ပညာရှင်များနှင့် အသိပညာရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင် ရေးဆွဲခွင့်ရှိရမည်။

၃။ လက်ရှိခွင့်ပြုထားသော အကြီးစားစိုက်ပျိုးရေးလုပ်ငန်းများနှင့် အသစ်ထပ်မံခွင့်ပြုခြင်းများကို ရပ်ဆိုင်းရမည်။ ထို့အပြင် တိုင်းရင်းသားဒေသများတွင် ပြုလုပ်မည့် အကြီးစား စိုက်ပျိုးရေး လုပ်ငန်းများနှင့် ဒေသခံပြည်သူလူထုပိုင်ဆိုင်သော စားကျက်မြေ၊ တောင်ယာမြေများကို ပုဂ္ဂလိက (သို့) နိုင်ငံခြား ကုမ္ပဏီများမှ စိုက်ပျိုးရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ဒေသခံပြည်သူများ၏ သဘောထားကို ဦးစွာတောင်းခံ၍ ၎င်းပြည်သူများ၏ ဆန္ဒရရှိမှသာ အကောင်အထည်ဖော်ရမည်။

၄။ ဘိုးဘွားပိုင်နယ်မြေများ၊ ဓားမဦးချမြေများကို သက်ဆိုင်ရာ မြေယာဥပဒေများမှ အသိအမှတ်ပြုပြီး ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရမည်။

၅။ ဒေသခံလယ်သမားများသည် မိမိဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များနှင့် သီးနှံများ[၂၇]ကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးပိုင်ခွင့် ရှိရမည်။

၆။ ဒေသစိုက်ပျိုးသီးနှံနှင့် မျိုးစေ့များကို ဒေသခံက ပိုင်ဆိုင်ရမည်။

၇။ ဒေသထွက် စီးပွားဖြစ်သီးနှံများအပေါ် တရားမျှတသော[၂၈] အခွန်ကောက်ခံသည့် စနစ်ရှိရမည်။

၈။ လယ်လုပ်သူ[၂၉] လယ်ပိုင်ဆိုင်ခွင့်ရှိရမည်။

---

၂၇။ နှစ်တို၊ နှစ်ရှည်သီးနှံ များပါဝင်၍ ဥပမာ အားဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ရာဘာ အစရှိသည့် သစ်ပင်မျိုးများပါဝင်သည်။

၂၈။ အခွန်ပေးဆောင်မည့် တောင်သူများအတွက် ဒေသထွက် စီးပွားဖြစ်သီးနှံများအပေါ် အခွန်ကင်းလွတ်ခွင့် ကဲ့သို့သော အခွင့်အရေးနှင့် ရောင်းဝယ်သူများအတွက် တရားမျှတသော အခွန်စနစ်ကို ဆိုလိုသည်။

၂၉။ လယ်လုပ်သူဆိုသည်မှာ သူရင်းငှား၊ သီးစားငှားရမ်းလုပ်ဆောင်သူ၊ အခစား၊ နေ့စားနှင့် လယ်လုပ်သားများကို ရည်ညွှန်းခြင်း မဟုတ်ပါ။

၉။ ကုမ္ပဏီများနှင့် အစိုးရဌာနဆိုင်ရာများက စိုက်ပျိုးရေးကဏ္ဍအပေါ် လက်ဝါးကြီးအုပ်သည့် ဥပဒေများကို ဖျက်သိမ်းရမည်။

၁၀။ မြေပိုင်ဆိုင်မှုအကျယ်အဝန်းကို အကန့်အသတ်ထားရှိရမည်။[၃၀]

၁၁။ စိုက်ပျိုးရေး ဆိုင်ရာမူဝါဒများကို တောင်သူလယ်သမားများကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားပြု အဖွဲ့များဖြစ်စေ ပါဝင်ရေးဆွဲရမည်။

၁၂။ စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကျောင်းများနှင့် တက္ကသိုလ်များအတွက် နည်းပညာမြှင့်တင်ရေး သုတေသနဌာနများအား ဒေသနှင့် လိုက်လျောညီထွေစွာ တည်ထောင် တိုးချဲ့ဖွင့်လှစ် ထားရှိရမည်။

၁၃။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးများကို ဒေသအလိုက် တိုင်းရင်းသားလူထုအကြား ကူညီထောက်ပံ့ပေးရမည်။

၁၄။ တောင်သူလယ်သမားအသင်းအဖွဲ့များအား တရားဝင် လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် လှုပ်ရှားခွင့် ပေးရမည်။

၁၅။ တောင်သူလယ်သမားများသည် လယ်ယာထွက်ကုန်ပစ္စည်းများအား လွတ်လပ်မျှတစွာ ရောင်းဝယ်ဖောက်ကားနိုင်သော ဈေးကွက်စနစ်ဖောင်ဆောင်ပေးရမည်။

၁၆။ စိုက်ပျိုးရေးအတွက် အသုံးပြုမည့် အမျိုးသားဘဏ္ဍာငွေများကို သက်ဆိုင်ရာ ပြည်နယ်များက လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်။

၁၇။ ဒေသထွက်ကုန်များကို မြှင့်တင်ပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများမှ ဈေးကွက် ဖန်တီးရာတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှု ပေးရမည်။ ထို့အပြင် လမ်းပမ်းဆက်သွယ်ရေးအတွက် လုပ်ဆောင်ပေးရမည်။

၁၈။ ရိုးရာဓလေ့စိုက်ပျိုးရေးနည်းစနစ်ဖြင့် လယ်ယာမြေအသုံးပြုမှုကို အသိအမှတ်ပြုခြင်း၊ အကာကွယ်ပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရမည်။

၁၉။ လက်ရှိတည်ရှိနေသော စိုက်ပျိုးရေးလုပ်ငန်းများကို သုသေတနပြုလုပ်ကာ ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးမဟာဗျူဟာချမှတ်ပြီး အကောင်အထည်ဖေါ်ရမည်။

၂၀။ စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရမှ ချေးငွေများပေးအပ်သည့် ယန္တရားတစ်ရပ် ဖော်ဆောင်ပေး၍ အရံငွေများ (Subsidies) ထားရှိပြီး အသုံးပြုပေးရမည်။ ၎င်းအရံငွေများပေးရာတွင်လည်း အတိုးနှုန်းထား အနည်းဆုံးဖြင့် ပေးရမည်။

၂၁။ စိုက်ပျိုးရေး အခြေခံလိုအပ်ချက်ဖြစ်သော ရေအရင်းအမြစ် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး မူဝါဒများကို ရေးဆွဲ အကောင်အထည်ဖော်ရမည်။

---

၃၀။ တစ်ဦးတစ်ယောက်အပါအဝင် ကုမ္ပဏီ များ ကဲ့သို့ အစုအဖွဲ့ဖြင့်ပိုင်ဆိုင်ခွင့်အားလုံးကိုဆိုလိုသည်။

၂၂။ စိုက်ပျိုးရေးများ[၃၁]နှင့်ဆက်စပ်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြားမူဝါဒများကို ရေးဆွဲရမည်။

၂၃။ သဘာဝမြေဩဇာဖြစ်သော ဩဂနစ် (Organic) မြေဩဇာများ ပိုမိုထုတ်လုပ် သုံးစွဲတတ်စေရန်နှင့် တိုးတက်ထွန်းကားလာရန် သဘာဝမြေဩဇာ ဩဂနစ်ထုတ်လုပ်ရေး နည်းပညာ များကို တောင်သူလယ်သမားများနှင့် ခြံမြေတောင်သူများကို လက်တွေ့ အသုံးပြုနိုင် အောင် သင်ကြားပေးရမည်။

၂၄။ သဘာဝသစ်တောများကို ထိန်းသိမ်းနိုင်ရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ သစ်တောများ မဖြုန်းတီးရေး၊ သစ်တောများစိုက်ပျိုးရေး၊ တပိုင်တနိုင် သစ်ပင်စိုက်ပျိုးမှုများကို လုပ်ကိုင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများမှ ဥပဒေများ ပြဋ္ဌာန်းပေးရမည်။

၂၅။ ပြည်ပနိုင်ငံမှ ရွှေ့ပြောင်းရောက်ရှိလာသော သူများသည် လယ်ယာမြေကို ပိုင်ဆိုင်ခွင့်မရှိဘဲ၊ ငှားရမ်းလုပ်ပိုင်ခွင့်သာရှိသည်။

၂၆။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ မြေယာများကို ငှားရမ်းလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် တားမြစ်ခွင့်ဥပဒေများကို သက်ဆိုင်ရာ ပြည်နယ်မှ ပြဋ္ဌာန်းပေးရမည်။

၂၇။ ဘိန်းအစားထိုး စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပတ်သက်သည့် မူဝါဒများကို ချမှတ်ပေး ရမည်။

၂၈။ အစိုးရအနေဖြင့် စိုက်ပျိုးမြေများအား သဘာဝဘေးအန္တရာယ်[၃၂]နှင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရန်နှင့် ပျက်စီးသွားသော စိုက်ပျိုးမြေများ အား အလျင်အမြန် ပြန်လည်ထူထောင်နိုင်ရန် စီမံကိန်းများချမှတ်ထားရမည်။

၃၁။ မြေယာနှင့်ပတ်သက်သည့် အကြီးစားစီမံကိန်းများ၊ ရေ၊ မျိုးစေ့များ၊ ဓါတ်မြေဩဇာ၊ ဓါတုနှင့် ဆေးဝါးများ အပါအဝင် အခြား စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် ကိစ္စများကိုဆိုလိုသည်။

၃၂။ စိုက်ပျိုးမြေများအတွင်း ပင်လယ်ရေငံဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန်အတွက် ခိုင်မာသော တာတမံများ ဆောက်လုပ်ထား ရှိရမည့်အပြင် မြစ်ချောင်းများ၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဖော်ဆောင်ခြင်းနှင့် အခြားလိုအပ်သည့် ကာကွယ် ထိန်းသိမ်းမှုများ ဖော်ဆောင်ခြင်းများကို ဆိုလိုသည်။

## ၆။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)နှင့် ဒုက္ခသည်များ (Refugees)ဆိုင်ရာ မူဝါဒများ (မူကြမ်း)






## နောက်ခံသမိုင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇-၁၈ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ ဦးဆောင်ကျင်းပသော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ (IDPs)[၃၃] နှင့် ဒုက္ခသည်များ (Refugees) ဆိုင်ရာ မူဝါဒအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs)နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) မှ ကိုယ်စားလှယ်များ နီးနော တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ရရှိလာသော မူဝါဒအကြံပြုချက်များကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာ ဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကာ သုံးသပ် ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းမှုပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည် မှုများ (Common Understandings) ရရှိနိုင်ရန် EAOs မှ ခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက် ဖွဲ့စည်းထားသော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ဆိုင်ရာ မူဝါဒများ ဖြစ်ပါသည်။

## နိဒါန်း

နှစ်ပေါင်း (၇၀) နီးပါး ဖြစ်ပွားနေသည့် ပြည်တွင်းစစ် အနိဋ္ဌာရုံ၊ သဘာဝဘေးနှင့် အခြားပြည်တွင်း ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ[၃၄] (IDPs) နှင့် ဒုက္ခသည်များ (Refugees) ယနေ့ထိတိုင် နေရပ်မပြန်နိုင်ဘဲ နယ်စပ်တလျှောက် သိန်းနှင့်ချီသော ဒုက္ခသည်များ (Refugees) နှင့် စစ်ဘေးဒုက္ခသည်များ အပါအဝင် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) ကိစ္စကို အစိုးရအဆက်ဆက်က တာဝန်ယူ ဖြေရှင်းနိုင်ခြင်းမရှိသည့်ပြင် ပိုမိုဆိုးရွားလာရာ မြန်မာပြည်၏ အဓိက အခြေခံလူမှုပြဿနာ တခုအဖြစ် တည်ရှိနေပါသည်။ ထို့ကြောင့် တိုင်းရင်းသားဒေသ အသီးသီးရှိ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) သည် မိမိဆန္ဒအတိုင်း လုံခြုံစွာ မိမိတို့ ပြန်လိုသည့် မူရင်းဒေသသို့ ပြန်လည်နေထိုင်ရန်၊ အခြားအဖွဲ့အစည်း (သို့) အုပ်စုများ ခေါင်းပုံဖြတ်မှု မပြုနိုင်စေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန်

၃၃။ *Internally Displaced Persons*
၃၄။ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ဆိုသည်မှာ မိမိနေရပ်ဌာနေကို စွန့်ခွာတိမ်းရှောင်နေရသော တိုင်းရင်းသားလူမျိုးများဆိုလိုသည်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs)နှင့် ဒုက္ခသည်များ (Refugees) ကိုယ်စားပြုအဖွဲ့များသည် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees)၏ အခြေအနေများကို အခြေခံပြီး မူဝါဒများချမှတ်ကြရမည်ဖြစ်သည်။

## ဦးတည်ချက်

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွင်း အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) သည် ၎င်းတို့ အခွင့်အရေးအတွက် နိုင်ငံတကာစံချိန်နှင့်အညီ ရေရှည်တည်တံ့သည့် လူသားချင်းစာနာ ထောက်ထားမှု ရရှိရန်နှင့် ၎င်းတို့ဆန္ဒအတိုင်း မူရင်းဒေသသို့ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီ ပြန်လည်နေထိုင်ရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)နှင့် ဒုက္ခသည်များ (Refugees)သည် မိမိတို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဂုဏ်သိက္ခာရှိစွာပြန်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဥပဒေ အကြောင်းဆိုင်ရာများ ထောက်ပံ့ကူညီခြင်း၊ ခွဲခြားဆက်ဆံခြင်းကို လုံးဝမပြုလုပ်၍ ၎င်းတို့၏ ဆန္ဒအတိုင်း မိမိတို့ ပြန်ချင်သည့်သင့်လျော်သော မူရင်းပြည်နယ် ဒေသသို့ ပြန်နိုင်အောင် စီစဉ်ပေးရမည်။

၂။ ၎င်းတို့၏ မြေယာ၊ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း ရှိစေရန် ဆောင်ရွက်ပေးရမည်။

၃။ လူသားချင်းစာနာထောက်ထားမှုနှင့် လူမှုရေးရာဝန်ဆောင်မှုများကို ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) အား မိမိတို့ကိုယ်ကိုမိမိ ရပ်တည်နိုင်သည်ထိ ကူညီထောက်ပံ့ပေးရမည်။

၄။ လွတ်လပ်စွာသွားလာနိုင်ရေးနှင့် မည်သည့်လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းနှင့်မဆို တိုက်ရိုက်ဆက်သွယ်၍ အကူအညီ ရယူနိုင်ရမည်။ ထိုကဲ့သို့သော အကူအညီများသည်လည်း နိုင်ငံတကာ စံချိန်စံနှုန်းနှင့်ကိုက်ညီသည့် အကူအညီပေးခြင်းဆိုင်ရာ သတ်မှတ်ချက် မူဘောင်နှင့်အညီ ဖော်ဆောင်ရမည်။

၃၅။ အထူးသဖြင့် ဒေသနှင့် ယင်းဒေသတွင်နေထိုင်သည့် ဌာနေတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကို အထောက်အကူပြုသည့် အဖွဲ့အစည်းများကို ဆိုလိုသည်။

## မူဝါဒအကြံပြုချက်များ

၁။ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်မှု ရရှိပြီးမှသာလျှင် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) မိမိ နေရပ်သို့ ပြန်လည် နေရာချထားရေးဆောင်ရွက်ရမည်။ သို့သော် ကြားကာလ၌ မိမိဆန္ဒအရ နေရပ်ပြန်လိုသူများအား နိုင်ငံတကာကလူ့အခွင့်အရေးနှင့်အညီ စတင် ဆောင်ရွက်ပေးရမည်။

၂။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအစိုးရ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ[၃၆]နှင့် နိုင်ငံတကာအသိုင်းအဝန်းများမှ အထက်ပါ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်နှင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်မှုဖြစ်စဉ်တွင် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ပါဝင်သော ကော်မတီများ၊ ဒုက္ခသည်အရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ နှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များ မဖြစ်မနေ ပါဝင်ရေးကို ဦးစားပေး ဆောင်ရွက် ရမည်။

၃။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ပြန်လည်နေရာချထားရေး အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ ဆွေးနွေးလက်ခံ သဘောတူညီထားသည့် မူဘောင် ရေးဆွဲထားရမည်။

၄။ ပြန်လည်နေရာချထားရေး အစီအစဉ် ချမှတ်ရာတွင်သော်လည်းကောင်း၊ အကောင် အထည် ဖော်ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ ပါဝင်သင့်ပါဝင်ထိုက်သူများ[၃၇] ပါဝင်ပြီး ပွင့်လင်းမြင်သာစွာဖြင့် ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်ရမည်။

၅။ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသ၏ အခြေ အနေနှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာစံနှုန်းနှင့်အညီ ဆောင်ရွက်ရမည်။

၆။ သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့် အခြေခံလူမှု အဆောက်အအုံများနှင့် အခြားလိုအပ်သည့် အကူအညီများ ဖန်တီးပေးခြင်းနှင့် အာမခံမှုရှိရမည်။

၇။ ၎င်းတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် လူမှုအဖွဲ့အစည်း အင်္ဂါရပ်နှင့်အညီ စီစဉ် ဆောင်ရွက်ရမည်။

၃၆။ ဒုက္ခသည်ရေးရာကော်မတီများ၊ လူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများ စသည်တို့ကိုဆိုလိုသည်။

၃၇။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ *(IDPs)* ကော်မတီများနှင့် ဒုက္ခသည် *(Refugees)* ကော်မတီများတွင် အမျိုးသမီးအခြေပြုအဖွဲ့ အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်း *[Community-Based Organizations (CBOs) and Civil Society Organizations (CSOs)]* နှင့် ဒေသခံလူ့အဖွဲ့အစည်းများ ပါဝင်ရမည်။

၈။ မိမိမူလနေရပ်သို့ မပြန်နိုင်သူများနှင့် မပြန်လိုသူများကို ပြန်လည်အခြေချမည့် နေရာသည် ရေရှည်တည်တံ့ခိုင်မြဲသော လုပ်ကိုင်စားသောက်၍ ရသည့်နေရာမျိုး ဖြစ်ရမည်။

၉။ လုံခြုံရေး[၃၈]နှင့် တရားဥပဒေ စိုးမိုးမှု ရှိရမည်။ လက်ရှိတိုင်းရင်းသားဒေသများတွင် အစိုးရ၊ မြန်မာတပ်မတော်မှ မြေမြှုပ်မိုင်းသုံးစွဲခြင်း လုံးဝရပ်ရမည်။

၁၀။ အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများနှင့် အထူး ဝန်ဆောင်မှု လိုအပ်သူများအတွက် လိုအပ်ချက်များကို လစ်လျူရှုမထားရန်နှင့် အထူး ပါဝင်ထည့်သွင်း အကောင် အထည်ဖေါ် ဆောင်ရွက်ရမည်။

၁၁။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ၏ ဒုက္ခသည် စခန်းများတွင် ရရှိထားသောပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်း ကျောင်းလက်မှတ်များကို သက်ဆိုင်ရာအစိုးရမှ အသိအမှတ်ပြုပေးရမည်။

၁၂။ နေရပ်ပြန်ရေးကော်မတီမှ ဆောင်ရွက်ပေးသော မြေနေရာများတွင် နေရပ်ပြန်သူများ ပြန်နေနိုင်ရန် အစိုးရမှ အသိအမှတ်ပြုပေးရမည်။

၁၃။ ပြန်လည်နေရာချထားရေးအတွက် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) ၏ မူလ နေရာများတွင် ချထားသော အစိုးရတပ်စခန်းများ[၃၉]နှင့် အခြားလက်နက်ကိုင် အဖွဲ့အစည်းများ ၏ တပ်စခန်းများ ကို ရုတ်သိမ်းပေးရမည်။

၁၄။ နေရပ်ပြန်သူအားလုံးကိုနိုင်ငံသားအဖြစ်အပြည့်အဝသတ်မှတ်၍နိုင်ငံသားမှတ်ပုံတင် နှင့် အခြားလိုအပ်သောစာရွက်စာတမ်းများ ထုတ်ပေး ပေးရမည်။

၁၅။ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ် အားလုံးအောင်မြင်ပြီးသည့် အထိ နိုင်ငံတကာနှင့် အခြားအကူအညီများကို ပြည်တွင်းမှတဆင့်ဖြစ်စေ၊ နယ်စပ် ဖြတ်ကျော်ခြင်းမှတဆင့်ဖြစ်စေ ထောက်ပံ့မှုများ လုံလောက်စွာ ဆက်လက်ရရှိနိုင် ရမည်။

၁၆။ အစိုးရနှင့် UN[၄၀] အေဂျင်စီများ၏ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ် ရေးဆွဲရာတွင် နေရပ်ပြန်သူများ မိမိကိုယ်ကို ရပ်တည်နိုင်သည့် အခြေ အနေအထိ လူသားချင်းစာနာ ထောက်ထားမှု အစီအစဉ်များ ဆောင်ရွက်ပေးရမည်။

၁၇။ နိုင်ငံတကာကူညီထောက်ပံ့မှုသည် ဒေသခံများ၏ လိုအပ်ချက်နှင့်အညီ ရေရှည် တည်တံ့သည့် ဖွံ့ဖြိုးမှုကို အခြေခံရမည်။

၁၈။ နေရပ်ပြန်ရေးအစီအစဉ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်ရာတွင် ခေါင်းပုံဖြတ်ခြင်းအမျိုးမျိုးမှ လွတ်ကင်းရန် အပါအဝင် လူ့အခွင့်အရေးကို ကာကွယ်ရန်

---

၃၈။ မြေမြှုပ်မိုင်း ကင်းရှင်းရန်နှင့် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းများ၏ ရမ်းကားမှုများမှ ကင်းရှင်းခြင်း စသည်တို့ပါဝင်သည်။

၃၉။ ပဋိပက္ခမဖြစ်ပွားမီ စခန်းချထားသော တပ်နေရာနှင့် ပဋိပက္ခဖြစ်ပွားစဉ်ချထားသောတပ်စခန်းများ ဟူ၍ နှစ်မျိုးနှစ်စား ရှိသည်။

၄၀။ *United Nations*

နှင့် ၎င်းကို ချိုးဖောက်ပါက အရေးယူဆောင်ရွက်ရန် တရားဥပဒေစိုးမိုးသည့် ယန္တရား ထားရှိရမည်။

၁၉။ ဒုက္ခသည်များ (Refugees) နေရာပြန်လည်ချထားရေး အစီအစဉ်မစတင်မီ ပြည်တွင်း နေရပ် စွန့်ခွာတိမ်းရှောင်သူများ (IDPs) ကို ဦးစွာစနစ်တကျ နေရာချထားပြီးဖြစ်ရ မည်။ ထိုသို့ လုပ်ဆောင်ရာတွင် မိမိနေရပ်ရင်းသို့ မပြန်နိုင်သူများအတွက်လည်း သီးသန့်အစီအစဉ်များ ရှိရမည်။

၂၀။ နေရပ်ပြန်ရာတွင် မိမိမူလနေရာသို့ မပြန်လိုသူများအနေနှင့် မိမိတို့အခြေချလိုသည့် နေရာကို မိမိ မူလနေရင်း ပြည်နယ်အတွင်းတွင် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။ ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များအနေနှင့် ၎င်းတို့ နေရာများကို အတည်ပြုရန် ကောင်းမွန်စွာ လေ့လာနိုင်ခွင့်ရှိရမည်။

၂၁။ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ပြန်လည် အခြေချမည့်နေရာများတွင် အသိပညာပေးလုပ်ငန်းများကို ၎င်းတို့နှင့် ဒေသခံများအကြား တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရန် ပြုလုပ်ပေးရမည်။ ပြန်လည် အခြေချနေထိုင်သူများကို လက်ခံသည့် ဒေသခံ ကျေးရွာ ပြည်သူများအား ထိခိုက် နစ်နာစေခြင်းမရှိသည့်အပြင် ၎င်းတို့ကိုလည်း အထောက်အကူ ပြုစေရမည်။

၂၂။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ရုပ်ပိုင်း နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနစ်နာချက်၊ စိတ်ဒဏ်ရာများ ကုသပျောက်ကင်းနိုင် ရန်အတွက် ကုသနိုင်မည့် နည်းလမ်းများနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များ လုပ်ဆောင်ပေးရမည်။

၂၃။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့်ဒုက္ခသည်များ (Refugees) ပြန် လည်အခြေချပြီးသည့်နောက်ပိုင်း ပြည်တွင်းနေရပ်စွန့်ခွာမှုထပ်မံ မဖြစ်ပွားစေရန် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက် နေကြသော စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ တာဝန်ယူရမည်။

၂၄။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ပြန်လည်နေရာ ချထားခြင်းနှင့် ပြန်လည်ထူထောင်ရေးအကောင်အထည်ဖော်ခြင်း အစီအစဉ်များအတွက် စောင့်ကြည့် အကဲဖြတ်ခြင်း (Monitoring and Evaluation) စနစ်ထားရှိရမည်။

၂၅။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) နေရပ်ပြန်လည်ရောက်ရှိချိန်တွင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် အထူး အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးရမည်။

# ၇။ လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ မူဝါဒများ (မူကြမ်း)








## နောက်ခံသမိုင်း

ဤလူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ မူဝါဒ (မူကြမ်း)သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉-၂၀ ရက်နေ့များ၌ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC)မှ ဦးဆောင်ကျင်းပသော လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ မူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများ (CBOs)နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs)မှ ကိုယ်စားလှယ်များ နီးနောတိုင်ပင် ဆွေးနွေးခြင်းအားဖြင့် ရရှိလာသော မူဝါဒ အကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ ပြန်လည် သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CBOs နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ CSOs မှ ကိုယ်စားလှယ်များ ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့သည်။ ယင်းကဲ့သို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်၍ ရရှိလာသော ဤမူကြမ်းကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာ ဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်း ရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကာ သုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှမေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းမှု ပြုလုပ်ပြီး ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs မှခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက် ဖွဲ့စည်းထားသော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ မူဝါဒများ ဖြစ်ပါသည်။

## နိဒါန်း

လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန် မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်ရာတွင် အစိုးရသည် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူဘောင်များ ချမှတ်၍ ထောက်ပံ့ကူညီရေးအစီအစဉ်ကို နေပြည်တော်မှ ချုပ်ကိုင်ခြင်းကို ကျင့်သုံးလျက်ရှိရာ၊ အကျိုးဆက်အဖြစ် တိုင်းရင်းသား နယ်မြေအတွင်း ဗမာ့တပ်မတော် အင်အား တိုးချဲ့ချလာခြင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူမှုနှင့် မြေယာ လုယက်မှုများ တိုးမြင့်လာခြင်းသို့ ဦးတည်သွားစေသည်။ အကူအညီပေးမှု အစီအစဉ်များ သည် တိုင်းရင်းသားများ၏ တည်ရှိပြီးသော အခြေခံ လူမှုအဆောက်အအုံနှင့် လူမှု ဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်နစ်နာစေသည်။ အစိုးရမှ ချမှတ်ထားသော အကူအညီ ပေးခြင်း အစီအစဉ်များသည် ဒေသခံပြည်သူတို့၏ ဘဝတိုးတက်ဖွံ့ဖြိုးမှုတွင် ပြည်သူများ

ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုသည်။ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အုပ်ချုပ်ရေး အပိုင်းများတွင် စိုးမိုးချယ်လှယ်လာခြင်းကြောင့် ဒေသအလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မဖြစ်နိုင်ခြင်း၊ စွမ်းရည်မြှင့်တင်ရေးမရှိခြင်း၊ ဒေသဦးဆောင်မှုအပိုင်း အားနည်းခြင်းနှင့် တည်တံ့ခိုင်မြဲသည့် လူသားချင်းစာနာထောက်ပံ့မှု မဖြစ်ခြင်းတို့ကို ဖြစ်ပေါ်လာစေသည်။ အကူအညီပေးရေး အစီအစဉ်များသည် တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများနှင့် ဝိသေသလက္ခဏာများ ကာကွယ်ထိန်းသိမ်းထားခွင့်ကိုလည်း လျစ်လျူ ရှုသည်။ ထို့ကြောင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုစနစ်နှင့် လျော်ညီသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာမူဝါဒများ ချမှတ်၍ အကောင်အထည် ဖော်သွားရန် အထူးလိုအပ်သည်။

## ဦးတည်ချက်

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုစနစ်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်ရေးအတွက် လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့များက တည်ရှိပြီးသော တိုင်းရင်းသားများ၏ လူမှုရေး အဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို အားကောင်းလာစေရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများသည် စစ်မှန်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်လာခြင်းနှင့်အညီ သဟဇာတ ဖြစ်ရမည်။

၂။ နိုင်ငံတကာကူညီပံ့ပိုးမှုများသည် ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဆန္ဒနှင့်အညီ ရေရှည် တည်တံ့သောဖွံ့ဖြိုးမှုကို အခြေခံရမည်။

## မူဝါဒအကြံပြုချက်များ

၁။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ မိမိတို့ အုပ်ချုပ်ရေး နယ်မြေများအတွင်း အောက်ပါအချက်များကို သေချာစွာထားရှိရမည်။

(က) လူသားချင်းစာနာထောက်ထားရေး ကူညီထောက်ပံ့မှုဆိုင်ရာ အစီအစဉ်များကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EAOs)နှင့် ဆက်စပ်သော ဒေသခံတိုင်းရင်းသား ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အစည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသော တိုင်းရင်းသား လူထုအခြေပြု အဖွဲ့အစည်းများမှ ကိုယ်တိုင်ရေးဆွဲစီမံခန့်ခွဲပြီး အကောင်အထည်ဖော်ဆောင် ရမည်။

(ခ) ပြင်ပအေဂျင်စီများနှင့် အလှူရှင်များအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအပါအဝင်ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သဘောတူညီချက် စာချုပ်ရေးထိုးပြီးမှသာ ဒေသခံလူထုများအတွက် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များအပါအဝင် ဒေသခံများ ကိုယ်တိုင်ကိုယ်ကျ စီမံခန့်ခွဲလုပ်ဆောင်နေသည့် အစီအစဉ်များ၊ နယ်စပ်ဖြတ်ကျော် အကူအညီများကို ကူညီထောက်ပံ့မှုပြုရမည်။

(ဂ) တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအုပ်ချုပ်ရေးနယ်မြေအတွင်း ပြန်လည်နေထိုင်မည့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) အား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရာတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီး၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မူဝါဒများကို လိုက်နာရမည်။[၄၁]

(ဃ)။ အထက်ပါမူဝါဒများကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားရေး ကူညီထောက်ပံ့မှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် ထိရောက်မှုရှိစေရန် ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ထားရမည်။

၂။ ပြန်လာမည့် ဒုက္ခသည်များ (Refugees) နှင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) သည် ၎င်းတို့ပိုင်မူလမြေများကို ပြန်လည်ပိုင်ဆိုင်ခွင့်ပြု၍ မူလမြေမရှိသူများအတွက် အိမ်၊ ခြံမြေနေရာများနှင့် စိုက်ပျိုးရေးမြေများ ပြန်လည်ဝေငှပေးရမည်။

၃။ လူသားချင်းစာနာထောက်ထားမှု အကူအညီအတွက် နိုင်ငံတော်အစိုးရ၊ ပြည်တွင်းနှင့် နိုင်ငံတကာ လူမှုအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို လွတ်လပ်စွာ ထောက်ပံ့နိုင်ခွင့်နှင့် ရယူပိုင်ခွင့်ရှိရန် နိုင်ငံတကာစံချိန်စံညွှန်းနှင့် မကိုက်ညီသည့် ကန့်သတ်ချက်များကို ပယ်ဖျက်ရမည်။

၄။ အစိုးရအချင်းချင်း ဆက်ဆံရာတွင် နိုင်ငံတကာ ကူညီထောက်ပံ့မှုနှင့် သွားနိုင်ပြီး အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) အနေဖြင့် လူသားချင်းဆိုင်ရာကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစုံတဦးကို ထိခိုက်နစ်နာခြင်းမရှိသောမှု (Do No Harm Principle) ကို ကျင့်သုံးရမည်။

၅။ ဤမူဝါဒအကြံပြုချက်များတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့

---

၄၁။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့ကိုယ်တိုင် ရေးဆွဲထားသော လူသားချင်းစာနာထောက်ထားမှု ကူညီထောက်ပံ့ရေးဆိုင်ရာ မူဝါဒများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အာမခံမည့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းပြီး ဆောင်ရွက်သွားနိုင်ရမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ဒုက္ခသည်များ ပြန်လည်နေရာချထားရေး အစီအစဉ်မစတင်မီ ရှိရမည့်အချက်အလက်များနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ် အသေးစိတ်ကို ရေးဆွဲထားရှိရမည်။ ထိုသို့ ရေးဆွဲရာတွင် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ *(IDPs)* နှင့် ဒုက္ခသည်များ *(Refugees)* မှ ကိုယ်စားလှယ်များ၊ ၎င်းတို့နှင့် ပတ်သက်သည့် လူမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ဘာသာရေးအဖွဲ့အစည်းများ *(Faith-Based Organizations)* ပါဝင်ရမည်။

အစည်းများ၊ အစိုးရနှင့် အထူးသဖြင့် အစိုးရတပ်မတော်မှ တာဝန်ယူမှုနှင့် တာဝန်ခံမှု ရှိစေရန်အတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီဆိုင်ရာ မူဝါဒများ အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အချက်အလက်များကို ဆက်လက် ထည့်သွင်းသွားရမည်။

၆။ လူသားချင်းစာနာထောက်ထားမှု ကူညီရေးများကို လိုအပ်ချက်ရှိသော အမျိုးသမီးများ နှင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကျန်းမာရေးချို့တဲ့ သူများအတွက် အထူးစီမံချက်များအဖြစ် ပံ့ပိုးပေးရမည်။

၇။ လူသားချင်းစာနာထောက်ထားမှု ကူညီရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ပွင့်လင်း မြင်သာမှု ရှိရမည်။

# ၈။ အခွန်ကောက်ခံခြင်းဆိုင်ရာ မူဝါဒများ (မူကြမ်း)





## နောက်ခံသမိုင်း

ဤအခွန်ကောက်ခံခြင်းဆိုင်ရာမူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၁-၁၂ ရက်နေ့၌ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ ဦးဆောင်ကျင်းပသော အခွန်ကောက်ခံခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) မှ ကိုယ်စားလှယ် များ နှီးနှောတိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ရရှိလာသော မူဝါဒအကြံပြုချက်များကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာ ဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကာ သုံးသပ် ပြင်ဆင် ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ကွင်းဆင်းမှု ပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များကို ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs မှ ခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော (CWGs) ခေါ် အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော အခွန်ကောက်ခံခြင်းဆိုင်ရာ မူဝါဒများ ဖြစ်ပါသည်။

## နိဒါန်း

အခွန်ကောက်ခံခြင်းဆိုင်ရာ မူဝါဒများကို ချမှတ်နိုင်ရန် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေနှင့် မူဝါဒများကို သုံးသပ်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုမရှိခြင်း[၄၂]၊ အဂတိလိုက်စားမှု၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် ဗဟိုအစိုးရအကြား အာဏာခွဲဝေမှု မညီမျှခြင်း[၄၃]၊ ထို့ပြင် ဗဟိုနှင့် ပြည်နယ်အကြား တိကျရှင်းလင်းသော စည်းမျဉ်းစည်းကမ်း ဥပဒေမရှိခြင်းနှင့် ပြည်နယ်နှင့် ဒေသန္တရအဆင့် အခွန်စည်းကြပ်ကောက်ခံသော ယန္တရားမရှိခြင်း စသည့်အခြေအနေတို့သည် မြန်မာနိုင်ငံ၏ အခွန်ကောက်ခံခြင်းဆိုင်ရာ မူဝါဒများနှင့် ယန္တရားတစ်အုံလုံးကို ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်။ ထို့ကြောင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) အပါအဝင် အစိုးရယန္တရား တစ်စုံလုံးကို အခွန်ကောက်ခံခြင်းအတွက် ဤမူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်သည်။

---

၄၂။ ဥပမာ - ဦးပိုင် အပြင် တခြားနိုင်ငံတော်ပိုင် ကုမ္ပဏီများ၊ အခြားအဖွဲ့အစည်းများ မည်သို့ သော စာချုပ် နှင့် ခွင့်ပြုသည် ကို အများပြည်သူ သို့ချပြမှုမရှိ ခြင်း နှင့် ပြည်နယ်မှရသည့် အခွန်ဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးကို ထိရောက်စွာ မဆောင်ရွက်ခြင်း။

၄၃။ ဥပမာ - ယခုလက်ရှိအချိန်တွင် အခွန်အကောက်နှင့် ပတ်သက်ပြီး ဗဟိုမှထိန်းချုပ်မှုအာဏာ ကိုသာ ဦးစားပေး နေပြီး ပြည်နယ်/တိုင်းဒေသကြီး များ ၏ အခွန်ကောက်ခံမှု စနစ်နှင့် အာဏာခွဲဝေမှု လုံးဝ မရှိပါ။

## ဦးတည်ချက်

ဖယ်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူလူထု တရပ်လုံး၏ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်ကျသည့် အခွန်စည်းကြပ်မှု စနစ်တရပ်ကို ဖော်ဆောင်ရန်အတွက် ဖက်ဒရယ် ပြည်ထောင်စု အစိုးရ၊ ပြည်နယ်အစိုးရများနှင့် ဒေသန္တရအစိုးရများ အကြား အခွန်ကောက်ခံမှု ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် ခွဲဝေသုံးစွဲပိုင်ခွင့်အာဏာကို ရှင်းရှင်းလင်းလင်း ခွဲခြားထား သည့် စနစ်ဖြစ်ပေါ်လာစေရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ဖက်ဒရယ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများတွင် အခွန်ဆိုင်ရာ ဥပဒေများကို သီးခြားပြဌာန်းရမည်။ ထိုသို့အခွန်ဥပဒေများကို ပြဌာန်းရာတွင် အတည်ပြု ပြဌာန်း ခြင်းမပြုမီ သက်ဆိုင်ရာ တိုင်းရင်းသားပြည်သူလူထုနှင့် အခွန်ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းကာ သဘောထား ရယူရမည်။

၂။ အခွန်ဥပဒေ မူကြမ်းကို ရေးဆွဲသူများသည် တိုင်းရင်းသားပြည်သူလူထုမှ ရွေးကောက် တင်မြှောက် လိုက်သူများ ဖြစ်ရမည်။

၃။ ကောက်ခံရရှိသည့် အခွန်ငွေများကို ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အသုံးပြုရမည်။

၄။ အခွန်စည်းကြပ်ရာတွင် အဂတိလိုက်စားမှုများကို ထိရောက်စွာတိုက်ဖျက်ရမည်။

၅။ ဝင်ငွေအနည်းအများအပေါ်အခြေခံသော အခွန်ကောက်ခံမှု (Progressive Taxation) ပေါ်အခြေခံပြီး အခွန်ဆိုင်ရာ ဥပဒေရေးဆွဲရမည်။

၆။ အခွန်ကောက်ခံမှုအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိရမည်။

## မူဝါဒအကြံပြုချက်များ

၁။ ပြည်နယ်အစိုးရများနှင့် ဖက်ဒရယ်ပြည်ထောင်စု အစိုးရအကြားတွင် မျှတမှုရှိသော အခွန်ငွေကောက်ခံခြင်းနှင့် ပြန်လည်ခွဲဝေခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းဥပဒေများ ကို ရေးဆွဲသတ်မှတ်ရမည်။

(က) အခွန်စည်းကြပ်ရာတွင် အဂတိလိုက်စားမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင် ရန် တိုင်ကြားမှုအတွက် ဥဇဒေကြောင်းအရထိရောက်စွာ အရေးယူနိုင်ရန် ဥပဒေများ ပြဌာန်း၍ ယန္တရား ထားရှိရမည်။

(ခ) တိုင်ကြားသူအတွက်ဖြစ်စေ၊ တိုင်ကြားခံသူအတွက်ဖြစ်စေ ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးရမည်။

၂။ ပြည်နယ်အစိုးရအောက်တွင်ရှိသော အခွန်ဆိုင်ရာ အစိုးရဌာနကို ဥပဒေအရ ထိရောက်စွာ စောင့်ကြည့်အရေးယူနိုင်သည့် အဖွဲ့အစည်းကို အခွန်ဆိုင်ရာ အစိုးရဌာန အောက်တွင်မဟုတ်ပဲ လွတ်လပ်စွာ ထားရှိရမည်။

၃။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ကောက်ခံရရှိသည့် အခွန် ပမာဏနှင့် ထိုအခွန်များအား ကဏ္ဍအလိုက်သုံးစွဲသည့် ပမာဏကို တိုင်းရင်းသားပြည်သူလူထုက သိရှိ ပိုင်ခွင့်ရှိရမည်။

၄။ အခွန်နှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်း၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို လူထု အလွယ်တကူ သိရှိနိုင်မည့် စနစ်ကို ထားရှိရမည်။

၁။ ပြည်နယ်အလိုက် သီးခြားအခွန်စည်းကြပ်ရန်ဌာနနှင့် အခွန်ငွေထိန်းသိမ်းရန် ဘဏ်များ ဖွင့်လှစ်ထားရှိရမည်။

၅။ ပြည်နယ်မှ ကောက်ခံရရှိသည့် အခွန်ငွေအားလုံးကို ပြန်လည်ထူထောင်ရေးကာလ[၄၄] ၁၀ နှစ် အတွင်း သက်ဆိုင်ရာ ပြည်နယ်အတွက်သာသုံးစွဲရမည်။ နောက်ပိုင်းတွင် ပြည်နယ်မှ ကောက်ခံရရှိသည့် အခွန်ငွေ၏ ၆၀% မှ ၈၀% ကို သက်ဆိုင်ရာ ပြည်နယ်အတွက် သုံးစွဲရမည်။

၆။ ယခင်စီမံကိန်းများမှ ရရှိသည့် အခွန်များထဲမှ အနည်းဆုံး ၆၀% ကို သက်ဆိုင်ရာ ပြည်နယ်မှ ခံစားပိုင်ခွင့် ရှိရမည်။

၇။ ပြည်နယ်အဆင့်တွင် ပြည်နယ်တွင်း တန်ဖိုးရှိသော စွမ်းအင်၊ တွင်းထွက်သယံဇာတ၊ ရေနံ၊ သဘာဝဓါတ်ငွေ့၊ ကျွန်းသစ်အပါအဝင် အဖိုးတန်သစ်များအပေါ် လွတ်လပ်စွာ အခွန်များ သတ်မှတ်ခွင့်နှင့် တိုက်ရိုက်ကောက်ခံခွင့် ရှိရမည်။ ကောက်ခံရရှိသည့် အခွန်ငွေများကို ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ စည်းစနစ် တကျသုံးစွဲရမည်။

၈။ စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများကို စနစ်တကျ ချမှတ်ပြီး ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ပေါ်အခြေခံသော အခွန်များ (Profit and Royalty Taxes) ကိုကောက်ခံရမည်။

၉။ လူတဦးတယောက်မှ မြေအများအပြား ပိုင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် မြေခွန်များကို မြေပိုင်ဆိုင်မှု အနည်းအများအလိုက် တင်းကျပ်စွာ တိုးမြှင့်ကောက်ခံရမည်။

၄၀။ တစ်နိုင်ငံလုံးကို ငြိမ်းချမ်းရေး ဖြစ်စဉ်မှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးစာချုပ် *(National Peace Accord)* ရေးထိုးပြီးသည့် နောက် အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲကာ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ အဖြစ်သို့ ကူးပြောင်းသည့် အချိန်ကာလအပြီး ပြည်နယ်များကို ပြန်လည်စတင်ထူထောင်မည့် အချိန်ကို ဆိုလိုသည်။

၁၀။ ရိုးရာဓလေ့ပိုင်မြေများကို မြေပိုင်ဆိုင်မှုပေါ်တွင်အခြေမခံပဲ မြေအသုံးပြုပြီးရရှိသော ဝင်ငွေပေါ်တွင် အခြေခံပြီး အခွန်ကောက်ခံရမည်။[၄၅]

၁၁။ ပြည်နယ်များမှ ဖက်ဒရယ် ပြည်ထောင်စုအစိုးရ ကောက်ခံပိုင်ခွင့်ရှိသည့် အခွန်များကို အခြားဖွံ့ဖြိုးမှု အနိမ့်ကျဆုံးပြည်နယ်များအတွက် ဦးစားပေးသုံးစွဲရမည်။

၁၂။ ကြားကာလတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ အခွန်စည်းကြပ်ခြင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ရမည်။

၄၅။ ဥပမာ - တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု မြေများကို ရိုးရာယဉ်ကျေးမှု ကိစ္စအတွက်သာမဟုတ်ပဲ စီးပွားရေး လုပ်ငန်းတစ်ခုခုအတွက် အသုံးပြုလျှင် ၎င်းမြေအကျယ်အဝန်းအတွက် မဟုတ်ပဲ အသုံးပြုခြင်းမှ ရရှိသော ဝင်ငွေကို ဆိုလိုသည်။

# ၉။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ (မူကြမ်း)





# နောက်ခံသမိုင်း

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ (မူကြမ်း) သည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ (၁) ရက်နေ့အထိ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒ အလုပ်ရုံ ဆွေးနွေးပွဲတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေး ပါတီများ (EPPs) မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ (CSOs) မှ ကိုယ်စားလှယ်များ နီးနီးနောတိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ရရှိလာသော မူဝါဒ အကြံပြုချက်များကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း အသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CBOs နှင့် CSOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး ကာ သုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ ပါသည်။ ထိုသို့ ကွင်းဆင်းမှုပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှု များ (Common Understandings) ရရှိနိုင်ရန် EAOs မှ ခေါင်းဆောင်များ၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော (CWGs) ခေါ် အလုပ် အဖွဲ့များမှ အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ မူဝါဒများ ဖြစ်ပါသည်။

# နိဒါန်း

မြန်မာနိုင်ငံ၏ လက်ရှိကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေသည် ဒေသခံ ပြည်သူ လူထုအတွက် အကျိုးမရှိပါ။ အထူးသဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်သည့် လယ်ယာမြေ ပြဿနာများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် ခေါင်းပုံဖြတ်ခြင်းများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆိုးရွားစွာ ဖြစ်ပေါ်လျှက်ရှိသည်။ အကျိုးဆက် အဖြစ် တိုင်းရင်းသားလူမျိုးများအကြား ပဋိပက္ခများ ပိုမိုဆိုးရွားလာခြင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာကို ထိပါးလာစေခြင်း၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ တော်လှန်ရေး ဂုဏ်သိက္ခာ ထိခိုက်၍ လူထုထောက်ခံ အားပေးမှုကို လည်း ကျဆင်းစေသည့် အခြေအနေသို့ တွန်းပို့နေပေသည်။ လက်ရှိကုန်သွယ်ရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပြဋ္ဌာန်းသည့် မူဝါဒများနှင့် ဥပဒေများချမှတ်ရာတွင် တိုင်းရင်းသား ပြည်သူလူထု၏အသံများ လျစ်လျူရှုခံထားရသည်သာမက စီးပွားရေး အခြေခံအဆောက်အအုံ တည်ဆောက်ရာတွင် ဒေသခံပြည်သူလူထုများနှင့် ညှိနှိုင်း ဆွေးနွေး တိုင်ပင်မှုမရှိပေ။ ထို့ကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူလူထုများကို အကျိုး

ပြုသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု စနစ်နှင့် လျော်ညီစွာ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်သည်။

## ဦးတည်ချက်

ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုစနစ်အောက်တွင် လွတ်လပ်ပြီး တရားမျှတသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စနစ်ကို အခြေခံပြီး တိုင်းရင်းသားပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်နိုင်ရန် မျှတစွာ အကျိုးခံစားခွင့်ရှိသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရမည်။

၂။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရမည်။

၃။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖြစ်ရမည်။

၄။ လုပ်ငန်းစားလှာ အသီးသီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင် ဒေသခံ ဌာနေတိုင်းရင်းသား လူထုပါဝင်နိုင်ရမည်။

၅။ နိုင်ငံသားတိုင်း လူမှုစီးပွား ဘဝတိုးတက်မြင့်မားလာစေရန် မိသားစုတနိုင်တပိုင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ချမှတ်ရမည်။

၆။ ဓလေ့ထုံးတမ်းစဉ်လာနှင့် တိုင်းရင်းသားလူထုပိုင်ဆိုင်မှုကို အသိအမှတ်ပြု လေးစားလိုက်နာရမည်။

၇။ နိုင်ငံခြားသို့ တင်ပို့ရောင်းချရာတွင် ကုန်ချောကို ဦးစားပေးသော ကုန်သွယ်ရေးစနစ် ဖြစ်ရမည်။

## မူဝါဒအကြံပြုချက်များ

၁။ ကြားကာလအတွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် နိုင်ငံရေးဆွေးနွေးမှုများအပေါ် အထောက်အကူပြုစေရန်အတွက် လက်ရှိဒေသအခြေအနေနှင့် မကိုက်ညီသော အကြီးစား စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဆိုင်းငံ့ကာလအဖြစ် သတ်မှတ်ပြီး ပြန်လည်သုံးသပ်ရမည်။

၂။ ပြည်နယ်တွင်း၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို သက်ဆိုင်ရာ ပြည်နယ်

အစိုးရ၏ ဆုံးဖြတ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝ ရရှိစေရေးကို အာမခံချက် ပေးရမည်။

၃။ ပြည်နယ်အစိုးရ (State Government) နှင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရ (Federal Government) အကြား ရှင်းလင်းပြတ်သားသည့် အကျိုးခံစားခွင့် ရရှိစေမည့် ရှင်းလင်း ပြတ်သားသည့် ဥပဒေရှိရမည်။

၄။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိစ္စများကို ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရ အကြား လုပ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးအမြတ် ခံစားပိုင်ခွင့်များကို စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီစနစ်နှင့်အညီ ခွဲဝေပေးသည့် ဥပဒေများရှိရမည်။

၅။ ပြည်နယ်အစိုးရမှ ၎င်းပြည်နယ်၏ ဖွံ့ဖြိုးရေးကို ထိထိရောက်ရောက် ဖော်ဆောင်ရာတွင် သုံးစွဲရန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်အခ စည်းကြပ်ကောက်ခံခွင့်၊ ထိန်းသိမ်းခွင့်နှင့် စီမံပိုင်ခွင့် ရှိရမည်။

၆။ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာစံချိန်စံနှုန်းနှင့် အညီဖြစ်သော သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (EIA)၊ လူမှုဘဝအပေါ် အကျိုးသက် ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (SIA)၊ ကျန်းမာရေးဆိုးကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (HIA)၊ လူ့အခွင့်အရေးများအပေါ် အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (HRIA)[၄၆]၊ စီးပွားရေးငန်းများ၏ လူမှုဘဝအပေါ် တာဝန်ယူမှု [ဥပမာ - ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများကို လိုက်နာခြင်း (CSR)[၄၇]] သစ်တောဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း [ဥပမာ - တရားမဝင် သစ်ထုတ်လုပ်ရောင်းချခြင်းကို ကာကွယ်ရန် ကောင်းမွန်သော သစ်တောနှင့် ကုန်သွယ်ရေး ဥပဒေများကို ပြဌာန်း အကောင်အထည်ဖော်ခြင်း (FLEGT)][၄၈]၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှု မစတင်မီ ယင်းဒေသရှိ တိုင်းရင်းသားလူထုကို ကနဦးအသိပေး၍ သဘောတူညီမှု ရယူသည့် စည်းမျဉ်းစည်းကမ်း (FPIC)[၄၉] များအတိုင်း လုပ်ဆောင်ရမည်။

၇။ အကာအကွယ်ပြုရေးယန္တရား[၅၀] (Protection Mechanism) နှင့် ပြန်လည်ကုစားရေးယန္တရား[၅၁] (Community Driven Grievance Mechanism) ကိုအကောင်ထည်ဖော်ရာတွင် ဒေသခံ တိုင်းရင်းသား ပြည်သူလူထု ပါဝင်ရမည်။

---

၄၆။ *Human Rights Impact Assessment*

၄၇။ *Corporate Social Responsibility*

၄၈။ *Forest Law Enforcement, Governance and Trade*

၄၉။ *Free Prior and Informed Consent*

၅၀။ "အကာအကွယ်ပြုရေးယန္တရား *(Protection Mechanism)*" ဆိုသည်မှာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာသော လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဥပမာ - အလုပ်သမားအခွင့်အရေးများ) ကို ကာကွယ်ရန် တိကျသည့် ဥပဒေများ ချမှတ်ကာ ၎င်းကို အကောင်အထည်ဖော်ရန် တရားစီရင်ရေးယန္တရားကို ဆိုလိုသည်။

၅၁။ "ပြန်လည်ကုစားရေးယန္တရား *(Community Driven Grievance Mechanism)*" ဆိုသည်မှာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကြောင့် နစ်နာခဲ့ရသော ဒေသခံဌာနေ လူထု (သို့) ပတ်ဝန်းကျင်များအတွက် ၎င်းကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစုအဖွဲ့ (သို့) လုပ်ငန်းရှင်များမှ ပြန်လည်ပေးလျော်ခြင်း (သို့) ပြုပြင်ခြင်းများအတွက် ဥပဒေကြောင်းဖြင့် ဖွဲ့စည်းထားသော ကုစားသည့် ယန္တရားကို ဆိုလိုသည်။

၈။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများ မရှိစေရေးအတွက် ခိုင်မာသည့် ဥပဒေများထားရှိရမည်။

၉။ လူသားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုးတိုးတက်လာရေးကို ဦးစားပေးသည့် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးရမည်။

၁၀။ ပြည်တွင်းထုတ်ကုန်နှင့် ကုန်စည်များကို (ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ) သက်ဆိုင်ရာပြည် နယ်အစိုးရမှ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်[၅၂]၊ ကုန်သွယ်ခွင့်ရှိရမည်။ ထိုနည်းတူ ပြည်နယ်အတွက် လိုအပ်သော နိုင်ငံခြားထွက်ကုန်ပစ္စည်းများကို သက်ဆိုင်ရာပြည်နယ်အစိုးရမှ လွတ်လပ်စွာ ဝယ်ယူတင်သွင်းခွင့်ရှိရမည်။

၁၁။ လက်တွေ့အကောင်အထည်ဖော်ရာတွင် ဒေသအလိုက် ဓလေ့ထုံးတမ်းဥပဒေများကို လေးစား လိုက်နာရမည်။

၁၂။ ပြည်တွင်းစီးပွားရေး ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများ (Domestic Investment Laws and Foreign Direct Investment Laws) ကို ပြန်လည်သုံးသပ်ပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုမရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းများကို[၅၃] ပြင်ဆင်သုံးသပ်ရမည်။

၁၃။ ရင်းနှီးမြှုပ်နှံမှုအတွက် နှစ်နိုင်ငံသဘောတူညီမှုစာချုန်လွှာ (BIT)[၅၄] လက်မှတ်မထိုးခင် ပြည်တွင်းစီးပွားရေးကို အကာအကွယ်ပြုမည့် ဥပဒေများ ပြဋ္ဌာန်းရမည်။

၁၄။ စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုစီးပွားရေးစနစ်ကို ဖော်ဆောင်ရမည်။

၁၅။ တိုင်းရင်းသား ပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရမည့်အပြင် အခြေခံလူတန်းစားများ၏ လုပ်အားအရင်းအမြစ်များကို ပြည့်ဝစွာ အသုံးချနိုင်ရေးအတွက် စီစဉ်ပေးရမည်။ ယင်းသို့ ဖန်တီးစီစဉ်ပေးရာတွင်လည်း ဒေသခံ အသက်မွေးဝမ်းကြောင်းမှုများကို မထိခိုက်စေရန်နှင့် အကျိုးစီးပွား ဖြစ်ထွန်းစေရမည်။

၁၆။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ဥပဒေများနှင့် မူဝါဒများ (Investment Laws and Policies Impact Assessments) ကို ဒေသခံပြည်သူများအား အသိအမြင် (Awareness) ဖွင့် ပေးရမည်။

၁၇။ တိုင်းရင်းသားလူထုလူတန်းစား အသီးသီးအတွက် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (SME)[၅၅] ကို ဦးစားပေး အစီအစဉ်တရပ်အနေဖြင့် ဆောင်ရွက်သွားရမည်။

---

၅၂။ နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသော အကောက်အခွန်လွတ်၍ "လွတ်လပ်စွာကုန်သွယ်ခွင့် *(Free Trade)*" ကို ဆိုလိုခြင်းမဟုတ်ပဲ ၎င်းပြည်နယ်အစိုးရမှ ကုန်သွယ်ရေး အတွက်လွတ်လပ်စွာ စီမံခန့်ခွဲဆုံးဖြတ်ပိုင်ခွင့် *(Economic Para Diplomacy)* ကိုဆိုလိုသည်။ ထို့ကြောင့် "လွတ်လပ်စွာကုန်သွယ်ခွင့် *(Free Trade)*" ကိုဖော်ဆောင်ခြင်းသည်လည်း ၎င်းသက်ဆိုင်ရာပြည်နယ်အစိုးရ၏ လက်ဝယ်တွင်သာရှိ ခြင်းကိုဆိုလိုသည်။

၅၃။ ဥပမာ - လယ်ယာမြေဥပဒေ နှင့် သဘောတူစာချုပ် *(Company Conracts)*

၅၄။ *Bilateral Investment Treaty*

၅၅။ *Small and Medium-sized Enterprises*

၁၈။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) ကို ပံ့ပိုးမည့်အစီအစဉ်များ ထိရောက်စွာ ဆောင်ရွက်ပေးရန် သက်ဆိုင်ရာလုပ်ငန်းများအလိုက် မျှဝေကူညီပံ့ပိုးပေးနိုင်ရန်အတွက် ခေတ်မီနည်းပညာရပ်များ၊ ငွေကြေးရန်ပုံငွေများနှင့် ဘဏ်စနစ်များ ထားရှိရမည်။

၁၉။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး ကဏ္ဍကဲ့သို့သော ရင်းနှီးမြှုပ်နှံမှု ပိုမို လုပ်ဆောင်သွားရမည်။

၂၀။ ကုန်သွယ်ရေးကို ထိရောက်စွာ လုပ်ကိုင်နိုင်ရန် ရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာများ ဖန်တီးပေးရမည်။

၂၁။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စကို တိုင်းရင်းသားပြည်သူများအတွက် အရည်အချင်း မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရမည်။

၂၂။ ဖွံ့ဖြိုးမှုနည်းသော တိုင်းရင်းသားဒေသများအတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းပေးခြင်း (Capacity Building and Empowerment) တို့ကို ဦးစားပေးစီစဉ်ပေးနိုင်မည့် အဖွဲ့အစည်း (သို့) ကော်မတီတစ်ခု ဖွဲ့ရမည်။ ထိုအဖွဲ့အစည်း (သို့) ကော်မတီထဲတွင် ၎င်းတို့၏ တိုင်းရင်းသားခေါင်းဆောင်များကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည့် ကော်မတီဖြစ်ရမည်။

၂၃။ ထိခိုက်နစ်နာမှုများကို ဆန်းစစ်သည့် လုပ်ငန်းစဉ်များတွင် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်မှုနှင့် ညှိနှိုင်းတိုင်ပင်မှုများ လုပ်ဆောင်သွားရမည်။

၂၄။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျတ်များအား သုံးစွဲရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ အသုံးပြုရမည်။

# အခြား ဓာတ်ပုံမှတ်တမ်းများ

## မူဝါဒအလုပ်ရုံဆွေးနွေးပွဲများ












# တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးခြင်း













တော်ချင်မန့်တို







# တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးခြင်း











ဆက်သွယ်ရန်

P.O Box 5
Chang Peauk, A.Mueang
Chiang Mai 50302
Thailand

Email: info@burmaenac.org
Website: www.burmaenac.org

